# ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်၊ တနင်္ဂနွေနေ့၊ (14-5-2006) (၄၉၅၇)


# တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် မရမ်းကုန်း ရေထိန်းတံခါးစီမံကိန်း ကြည့်ရှု ဒုံသမိ လျှပ်စစ်မြစ်ရေတင်စီမံကိန်း တည်ဆောက်မှုလုပ်ငန်းများ စစ်ဆေး

နေပြည်တော်　　မေ　　၁၃

**မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် မေ ၇ ရက် ညနေပိုင်းတွင် သထုံမြို့နယ် မရမ်းကုန်း ရေထိန်းတံခါး တည်ဆောက်ရေး စီမံကိန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်တွင် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆) ဒုတိယညွှန်ကြားရေးမှူး ဦးစိုးမြင့်ထွန်းက ရေထိန်းတံခါး တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက တင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ မှာကြားကာ လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**

## လှည့်လည်ကြည့်ရှု

ထို့နောက် တိုင်းမှူးသည် မရမ်းကုန်းကျေးရွာနှင့် ကျိုက်ကော်ကျေးရွာ ကျေးရွာချင်းဆက် လမ်းဖောက်လုပ်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး သထုံမြို့နယ် ဈေးမသွယ်ကျေးရွာ ခြံစည်းရိုးကြက်ဆူပင်ပျိုးဥယျာဉ်သို့သွားရောက်၍ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၏ ပျိုးဥယျာဉ်အတွင်း ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးနေမှုများကို လည်းကောင်း၊ စိုက်ခင်း ၂၇ ဒသမ ၅၅ ဧကတွင် ခြံစည်းရိုးကြက်ဆူပင် ၃၃၀၆၀၀ စိုက်ပျိုးနေမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှု အားပေးသည်။

သထုံမြို့နယ်တွင် ခြံစည်းရိုးကြက်ဆူပင် ၁၁၆၂ဒသမ ၂၅ဧက၌ ကြက်ဆူပင်ပေါင်း ၁၃၉၄၇၀၀ ကို စိုက်ပျိုးထားရှိပြီး လျာထားဧကပြည့်မီရေး ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဒုံသမိ လျှပ်စစ်မြစ်ရေတင်စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းလှိုင်က ဒုံသမိ လျှပ်စစ်မြစ်ရေတင်စီမံကိန်း လုပ်ငန်းတည်ဆောက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ ဖြည့်စွက်မှာကြားကာ စီမံကိန်းလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ▲

## ကြည့်ရှုစစ်ဆေး

**မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် သထုံမြို့နယ် မရမ်းကုန်း ရေထိန်းတံခါး တည်ဆောက်နေမှု အခြေအနေကို ကြည့်ရှု စစ်ဆေးစဉ်။** (သတင်းစဉ်)

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

နေပြည်တော်　　မေ　　၁၃

**ရှမ်းပြည်နယ်(အရှေ့ပိုင်း)၂၀၀၆ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် အခမ်းအနားကို မေ ၈ ရက် နံနက် ၉ နာရီတွင် ကျိုင်းတုံမြို့ စည်ပင်သာယာခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ တိုင်းမှူး၏ ဇနီး ဒေါ်ကြူကြူလှ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီဝင်များနှင့် ကြက်ခြေနီလူငယ်မောင်မယ်များ တက်ရောက်ကြသည်။**

အစီအစဉ်အရ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က အမှာစကားပြောကြားပြီး ၂၀၀၆ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ကြက်ခြေနီစွမ်းရည်ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြူကြူလှက အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသူများအားလည်းကောင်း၊ ပြည်နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှူး ရဲမှူးကြီး ဘကြည်က အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ တွင် ဆုရရှိကြသူများအား လည်းကောင်း၊ တာဝန်ရှိသူများက ကြက်ခြေနီစွမ်းရည်ပြိုင်ပွဲများတွင် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

14-5)01.P65　1　32/7/2, 3:11 PM

ကြေးမုံ The Mirror

၁၄-၅-၂၀၀၆
(တနင်္ဂနွေနေ့)

## ကျန်းမာရေး အသိပညာပေးမှု ဂရုပြုလိုက်နာ သွေးတိုးရောဂါ စောစီးစွာသိရှိ ဖော်ထုတ်ကုသ

ကျန်းမာရေးသည် ပြည်သူတစ်ရပ်လုံးအတွက် အဓိကလိုအပ်ချက်ဖြစ်ရာ လူတိုင်း လူတိုင်း ကျန်းမာအသက်ရှည်ခြင်းနှင့် ပြည့်စုံကောင်းမွန်နေရန် လိုအပ်သည်။ ပြည်သူအားလုံး ကျန်းမာခြင်းသုခရရှိစေရန် ဖော်ဆောင်ရာ၌ ကျန်းမာရေးဌာန တစ်ခုတည်းသာမက ပြည်သူတစ်ရပ်လုံးကပါ တစ်ကိုယ်ရေကျန်းမာမှု အစဉ်သတိပြုကြပြီး ကျန်းမာရေးအသိပညာပေးမှုများကို လိုက်နာဆောင်ရွက်သွားကြရမည် ဖြစ်သည်။

နိုင်ငံတော်က တိုင်းရင်းသားပြည်သူများအားလုံး ကျန်းမာကြံ့ခိုင်သန်စွမ်းရေးကို အလေးထားသည်နှင့်အညီ ရောဂါကြိုတင်ကာကွယ်ခြင်း၊ ရောဂါကုသပေးခြင်းစသည့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် လွှမ်းခြုံဖြည့်ဆည်းပေးလျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ထမ်းများက ပြည်သူများ ရောဂါဘယကင်းဝေးစေရေးအတွက် သတိပြုကြရမည့် ရောဂါများနှင့်စပ်လျဉ်း၍ ဗဟုသုတများဖြန့်ဝေပေးခြင်း၊ အချိန်ရာသီအလိုက် ကျန်းမာရေးဆိုင်ရာ သတိပေး နှိုးဆော်ချက်များ ထုတ်ပြန်ခြင်းတို့ဖြင့် အသိပညာပေးနေသည်ကို တွေ့ရသည်။

၂၀၀၆ခုနှစ် မေလ ၁၃ ရက်နေ့သည် ကမ္ဘာ့သွေးတိုးရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ဖြစ်သည်နှင့်အညီ ကမ္ဘာတစ်ဝန်း အခမ်းအနားများကျင်းပကာ သွေးတိုးရောဂါ ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ပြည်သူများအနေဖြင့် သတိပြုကာကွယ်ရမည့် ရောဂါတစ်ခုမှာ သွေးတိုးရောဂါဖြစ်သည်။ သွေးတိုးရောဂါသည် ကမ္ဘာပေါ်ရှိ နိုင်ငံအများအပြားတွင် တွေ့ကြုံခံစားနေကြရပြီး အရွယ်ရောက်သူများအနက် လူသန်းပေါင်း ၁၅၀၀ ခန့်မှာ သွေးတိုးရောဂါဝေဒနာရှင်များဖြစ်ကြောင်း သိရသည်။

သွေးတိုးရောဂါသည် နှလုံးရောဂါ၊ လေဖြတ်ရောဂါနှင့် ကျောက်ကပ်ရောဂါများကို ဖြစ်စေနိုင်သော အဓိကအကြောင်းရင်းရောဂါတစ်ခုဖြစ်သည့်အပြင် ရောဂါလက္ခဏာမရှိဘဲ ရုတ်တရက်သေဆုံးနိုင်သောကြောင့် လူတိုင်း လူတိုင်း သွေးတိုးရောဂါမဖြစ်ပွားစေရေးအတွက် စနစ်တကျ ကာကွယ်ထိန်းသိမ်းကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် သွေးတိုးရောဂါဖြစ်ပွားမှုမှာ ၂၀ ရာခိုင်နှုန်းခန့်သာရှိပြီး အမျိုးသား၊ အမျိုးသမီးမရွေး ဖြစ်ပွားတတ်ကြောင်း သုတေသနပြုချက်များအရ သိရှိရသည်။ သွေးတိုးရောဂါရှိသူများသည် ခေါင်းကိုက်ခြင်း၊ မျက်စိဝေခြင်း၊ အားအင်ကုန်ခန်းခြင်း၊ မောဟိုက်ခြင်း လက္ခဏာများရှိနိုင်၍ အခါအားလျော်စွာ သွေးပေါင်ချိန်စစ်ဆေးခြင်း၊ သွေးတိုးရောဂါရှိပါက သွေးပေါင်မှန်မှန်ချိန်၍ စနစ်တကျ ဆေးကုသမှုခံယူခြင်းများ ပြုလုပ်သင့်ပေသည်။

သွေးတိုးရောဂါသည် နောက်ဆက်တွဲဝေဒနာများဖြစ်သည့် ဦးနှောက်သွေးကြောပိတ်ခြင်း၊ လေဖြတ်ခြင်း၊ နှလုံးသွေးကြောကျဉ်းမြောင်းပိတ်ဆို့ခြင်း၊ ကျောက်ကပ်ပျက်စီးခြင်းများလည်း ဖြစ်ပေါ်လာနိုင်ကြောင်း သိရှိရသည်။

ထို့ကြောင့် ပြည်သူများအနေဖြင့် သွေးတိုးရောဂါ မဖြစ်ပွားစေရေးအတွက် ကာကွယ်ထိန်းသိမ်းနိုင်ရန် ကိုယ်အလေးချိန် ထိန်းသိမ်းလျှော့ချခြင်း၊ ဟင်းသီးဟင်းရွက်အသီးအနှံ များများစားသုံးခြင်း၊ အငန်ဓာတ်ပါသော အစားအစာများ လျှော့စားခြင်း၊ အရက်အလွန်အကျွံသောက်သုံးမှုမပြုခြင်း၊ ပုံမှန်ကိုယ်လက်လှုပ်ရှားခြင်း၊ ဆေးလိပ်သောက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ စိတ်ဖိစီးမှုနည်းအောင် နေထိုင်ခြင်းစသည့် နည်းလမ်းများဖြင့် စနစ်တကျ နေထိုင်စားသောက်ကြရန် လိုအပ်မည်ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူအားလုံး အသက်ရှည်ကျန်းမာကြံ့ခိုင်စေရန် ကျန်းမာရေးဆိုင်ရာ အသိပညာပေးမှုများကို အစဉ်အလေးထား ဂရုပြုလိုက်နာကြရင်း သွေးတိုးရောဂါနှင့် ဆက်စပ်နီးနွယ်နေသောရောဂါများ မဖြစ်ပွားစေရေးအတွက် သွေးတိုးရောဂါကို စောစီးစွာသိရှိနိုင်ရေး ဖော်ထုတ်ကုသသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

**ပြည်သူ့သဘောထား**

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့်အဖွဲ့ အစည်းအဝေးများတက်ရောက်ရန်အတွက် ထွက်ခွာ

ရန်ကုန် မေ ၁၃

**အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပမည့် ဒုတိယအကြိမ် မြန်မာ-အိန္ဒိယကုန်သွယ်ရေး ပူးတွဲကော်မတီ အစည်းအဝေးနှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့၌ ကျင်းပမည့် (၁၂)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ၏ အလွတ်သဘောအစည်းအဝေးများသို့ တက်ရောက်ရန်အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၁၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။**

မြန်မာကိုယ်စားလှယ် အဖွဲ့အား ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Bhaskar K. Mitra၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာကိုယ်စားလှယ် အဖွဲ့တွင် ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးဦး၊ ညွှန်ကြားရေးမှူး ဦးတင့်သွင်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင် ဦးထွန်းအောင်တို့လည်း အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း မြန်မာ-အိန္ဒိယကုန်သွယ်ရေး ပူးတွဲကော်မတီ အစည်းအဝေးနှင့် (၁၂) ကြိမ်မြောက် အာဆီယံ စီးပွားရေး ဝန်ကြီးများ၏ အလွတ်သဘော အစည်းအဝေးသို့ တက်ရောက်ရန် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာရာ ပို့ဆောင် နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။** (သတင်းစဉ်)

## မြဝတီခရိုင်လူမှုရေး အသင်းအဖွဲ့ဝင်များ၏ အသင်းဝင်အဆိုပြုလွှာ ပေးအပ်ပွဲကျင်းပ

**ရန်ကုန် မေ ၁၃**

မြဝတီခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ကြီးမှူးကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ အသင်းဝင်အသစ်များ၏ အဆိုပြုလွှာပေးအပ်ပွဲနှင့် ခရိုင်ကလေးသူငယ် အခွင့်အရေးများဆိုင်ရာကော်မတီသို့ အလှူငွေများ ပေးအပ်ပွဲအခမ်းအနားကို ဧပြီ ၂၆ ရက်တွင် မြဝတီမြို့ သောင်ရင်းခန်းမ၌ ကျင်းပသည်။

ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြင့်ဦးနှင့်အဖွဲ့ဝင်များ၊ ခရိုင်ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌ ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေညွှန့်နှင့် ကော်မတီဝင်များ၊ ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ယင်းနောက် ခရိုင်ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီသို့ အလှူငွေကျပ် ၃၁ သိန်းကျော် ပေးအပ်လှူဒါန်းခဲ့ကြသော အလှူရှင်များအား ကော်မတီက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**အဆိုပြုလွှာ**

အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်အသစ်၂၀၀၊ အမျိုးသမီးရေးရာအဖွဲ့ အသင်းဝင်အသစ်၄၂၆ဦး၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း အသင်းဝင်အသစ် ၃၄၇ဦး၊ကြက်ခြေနီ တပ်ဖွဲ့ဝင်အသစ် ၅၃ဦးတို့က အဆိုပြုလွှာများ ပေးအပ်သည်။**(သတင်းစဉ်)**

**ဆွမ်း၊ဆေးပဒေသာပင်လှူဒါန်း**

**ကွယ်လွန်သူ ဦးမောင်ထွန်းအား ရည်စူး၍ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် လမ်း ၃၀ နေ ဇနီး ဒေါ်ရှုတီနှင့် သားသမီးမြေးတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် ကျပ်သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၁) ဦးညွန့် လက်ခံယူစဉ်။** (က-ပ)

**ရန်ကုန်မြို့ လှိုင်မြို့နယ် MICT Park ံနေ ကွယ်လွန်သူ ဖခင်ကြီး ဦးသိန်းထွန်းအား ရည်စူး၍ မိခင်ကြီး ဒေါ်သန်းရီအား အမှူးထားပြီး သမီး မသင်းသင်းသိန်း၊ သား မောင်လင်းရဲထွန်းတို့က ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။**

(ဘိုးဘွားရိပ်သာ)

## သဲအင်းဂူအဓိဋ္ဌာန်ခုနစ်ရက် တရားစခန်းဖွင့်မည်

**ရန်ကုန် မေ ၁၃**

ရန်ကုန်မြို့ မိုးကောင်းဘုရားဝင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမှုနှင့်အညီ ရန်ကုန်မြို့လုံးဆိုင်ရာ သဲအင်းဂူသာသနာပြုအဖွဲ့၏ ဩဝါဒါစရိယ၊ ပဓာန ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တဥတ္တရ (လားရှိုး) အရှင်သူမြတ်က မေ ၂၁ ရက်မှ ၂၈ ရက်ထိ ခုနစ်ရက် အဓိဋ္ဌာန်စခန်းဖွင့်၍ သမထ ဝိပဿနာတရားတော်များ ချီးမြှင့်ဟောကြားပြသမည်ဖြစ်သည်။

တရားစခန်းဝင်လိုသူများ မေ ၂၀ ရက် (စနေနေ့) ညနေ ၅ နာရီ အရောက် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့်အတူ စာရင်းသွင်းနိုင်ကြပြီး နေ့ဆွမ်း၊ အရုဏ်ဆွမ်းများ လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က-ပ)**

# သွေးတိုးရောဂါ သတိပြုကာကွယ်ပါ

ပါမောက္ခ ဒေါက်တာဒေါ်ခင်မေစန်း

ကမ္ဘာ့သွေးတိုးရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ဟာ ၁၉၈၄ခုနှစ်တွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့မှာ စတင်ဖွဲ့စည်းခဲ့တဲ့ ကမ္ဘာ့သွေးတိုးရောဂါအဖွဲ့ချုပ်ကြီးက သွေးတိုးရောဂါ ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်ရည်ရွယ်ပြီး သတ်မှတ်ထားတဲ့ နေ့တစ်နေ့ ဖြစ်ပါတယ်။ သွေးတိုးရောဂါဟာ လက်ရှိအခြေအနေမှာ နှလုံးရောဂါ၊ လေဖြတ်ရောဂါနှင့် ကျောက်ကပ်ရောဂါများကို ဖြစ်စေတဲ့ အဓိကနဲ့အရေးကြီးဆုံး အကြောင်းရင်းရောဂါ ဖြစ်နေပါတယ်။ ကမ္ဘာ့သွေးတိုးရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ကျင်းပရခြင်းရဲ့ ရည်ရွယ်ချက်ကတော့ သွေးတိုးရောဂါနဲ့သွေးတိုးရောဂါရဲ့ ကြောက်မက်ဖွယ်ကောင်းတဲ့ နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများကို အများပြည်သူတို့ သိရှိရန် ကျန်းမာရေး အသိပညာဖြန့်ဖြူးပြီး သွေးတိုးရောဂါကို ကာကွယ်၊ ဖော်ထုတ်၊ ကုသနိုင်ရန် ဖြစ်ပါတယ်။

ခန့်မှန်းခြေအားဖြင့် ကမ္ဘာပေါ်မှာ အရွယ်ရောက်ပြီးသူများရဲ့ လေးပုံတစ်ပုံခန့်ဖြစ်တဲ့ လူသန်းပေါင်း ၁၅၀၀ခန့်ဟာ သွေးတိုးရောဂါဝေဒနာရှင်များ ဖြစ်ကြပါတယ်။ အဲဒီ လူတွေထဲက တစ်ဝက်လောက်ကသာ သူတို့မှာ သွေးတိုးရောဂါရှိမှန်း သိကြပြီး အဲဒီသွေးတိုးရောဂါရှိတဲ့သူတွေရဲ့ တစ်ဝက်လောက်ကသာ သွေးပေါင်ချိန်ကို ကောင်းစွာထိန်းနိုင်ကြတာကို တွေ့ရပါတယ်။ အသက်၅၀ကျော်တဲ့ လူတွေရဲ့ တစ်ဝက်ခန့်မှာ သွေးပေါင်ချိန်တက် နေကြပါတယ်။ မြန်မာပြည်မှာ နိုင်ငံတစ်ဝန်းပြုလုပ်ခဲ့တဲ့ စစ်တမ်း များအရ သွေးတိုးရောဂါဖြစ်ပွားနှုန်းဟာ ၂၀ရာခိုင်နှုန်းခန့်ရှိပြီး လူတန်းစား အလွှာအားလုံးမှာ ကျား၊မ မရွေး ဖြစ်ပွားတာကို တွေ့ရှိရပါတယ်။ ကျေးလက်နဲ့ မြို့ပြများမှာ သွေးတိုးရောဂါဖြစ်ပွားမှုနှုန်း ကွာခြားမှုမရှိပါ။

ကမ္ဘာ့သွေးတိုးရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ကို တစ်ကမ္ဘာလုံးမှာ တစ်နှစ်တစ်ကြိမ် ကျင်းပပါတယ်။ ယခုနှစ်မှာတော့ ကမ္ဘာ့သွေးတိုးရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ဟာ မေလ၁၃ ရက်နေ့ (စနေနေ့)မှာ ကျရောက်ပြီး မြန်မာနိုင်ငံမှာ ဒုတိယအကြိမ်မြောက်ကျင်းပခြင်း ဖြစ်ပါတယ်။ ယခု ၂၀၀၆ခုနှစ် ကမ္ဘာ့သွေးတိုးရောဂါကာကွယ်ထိန်းသိမ်းရေးနေ့အတွက် ရွေးချယ်ထားတဲ့ဆောင်ပုဒ်ကတော့ **"သွေးတိုးရောဂါဝေဒနာရှင်များကို ဖော်ထုတ်၍ ထိရောက်အောင်ကုသရေး"**ပဲ ဖြစ်ပါတယ်။

**သွေးတိုးရောဂါကို ကုသမှုမပြုခဲ့ရင် "ပစ်မှတ်ကိုယ်တွင်းအင်္ဂါများ"ကို ထိခိုက်မှုဖြစ်စေနိုင်ပြီး လေဖြတ်ခြင်း၊ နှလုံးသွေးကြောပိတ်ခြင်း၊ ကျောက်ကပ်ပျက်စီးခြင်းတို့ကို ဖြစ်စေနိုင်ပါတယ်။ အရေးကြီးဆုံးအချက်ကတော့ ရောဂါလက္ခဏာများမရှိဘဲ ရုတ်တရက်သေဆုံးစေနိုင်တဲ့အတွက် သွေးတိုးရောဂါကို "အသံတိတ် လူသတ်သမား"လို့တောင် ကင်ပွန်းတပ်ကြပါတယ်။** သွေးတိုးရောဂါဟာ အကြောင်းရင်း တိကျသေချာစွာမရှိဘဲ ဖြစ်နိုင်သလို အခြားအကြောင်းတွေကြောင့်လဲ ဖြစ်နိုင်ပါတယ်။ သွေးတိုးဝေဒနာရှင်အများစုဟာ အခြေခံအကြောင်းမရှိဘဲဖြစ်တဲ့ သွေးတိုးရောဂါ အမျိုးအစားကိုခံစားကြရပြီး ၁၀ရာခိုင်နှုန်းမှ ၁၅ရာခိုင်နှုန်းခန့်ကသာ အခြားရောဂါတစ်ခုကြောင့် ဖြစ်ပွားတဲ့ သွေးတိုးရောဂါကို ခံစားနေကြရတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာတော့ အခြားအကြောင်းရင်းတစ်ခုကို အခြေခံဖြစ်ပွားတဲ့ သွေးတိုးရောဂါဝေဒနာရှင်အများစုဟာ သွေးချိုဆီးချိုကြောင့် ကျောက်ကပ်ပျက်စီးခြင်း၊ ကျောက်ကပ်ရောင်ရောဂါဖြစ်ခြင်းစတဲ့ ကျောက်ကပ်ရောဂါများကြောင့် ဖြစ်ပွားတာဖြစ်ပါတယ်။ ကျောက်ကပ်ရောဂါကြောင့် သွေးတိုးနိုင်သလို သွေးတိုးရောဂါကြောင့်လဲ ကျောက်ကပ်ပျက်စီးမှုကို ဖြစ်နိုင်ပါတယ်။

ဒါကြောင့် မိမိမှာသွေးတိုးရောဂါ ရှိမရှိသိရှိရန် အလွန်အရေးကြီးပါတယ်။ ပထမဦးဆုံးအနေနဲ့ လူတစ်ယောက်မှာ ပုံမှန်ရှိသင့်တဲ့ သွေးပေါင်ချိန်ကို သိရှိရမှာဖြစ်ပါတယ်။ နှလုံးရောဂါဆိုင်ရာ အဖွဲ့အစည်းများရဲ့ သတ်မှတ်ချက်များအရ သွေးပေါင်ချိန်၁၂၀/၈၀ မီလီမီတာမာကျူရီထက်နည်းတဲ့ သွေးပေါင်ချိန်ဆိုရင် သွေးတိုးမရှိဘူးလို့ဆိုနိုင်ပါတယ်။

- **ဆေးရုံ၊ ဆေးခန်းမှာ သွေးပေါင်ချိန်တိုင်းတဲ့အခါ သွေးပေါင်ချိန် ၁၄၀/၉၀ မီလီမီတာမာကျူရီထက်များရင်၊**
- **ဒါမှမဟုတ် အိမ်မှာချိန်တဲ့ သွေးပေါင်ချိန်ဟာ ၁၃၅/၈၅မီလီမီတာမာကျူရီထက်များနေရင်၊**
- **သွေးချိုဆီးချိုရောဂါ၊ ကျောက်ကပ်ရောဂါရှိသူဆိုရင် သွေးပေါင်ချိန် ၁၃၀/၈၀ မီလီမီတာမာကျူရီထက်များနေတဲ့အခါ သွေးတိုးရောဂါ ရှိနေနိုင်ပါတယ်။**

ဒုတိယအနေနဲ့ မိမိရဲ့သွေးပေါင်ချိန်ကို သိရှိဖို့လိုပါတယ်။ အဲဒီလိုသိဖို့ဆိုရင် လူတိုင်းလူတိုင်း အထူးသဖြင့် အသက်၄၀ကျော်တဲ့သူတိုင်း အနည်းဆုံး တစ်နှစ်မှာတစ်ကြိမ် ဆရာဝန်၊ သို့မဟုတ် ကျန်းမာရေးဝန်ထမ်းတစ်ဦးဦးဆီမှာ သွေးပေါင်ချိန်ရမှာ ဖြစ်ပါတယ်။

သွေးတိုးရောဂါရှိနေတယ်လို့ ဆရာဝန်များက ပြောခံရတဲ့သူတိုင်းဟာ အောက်ပါအချက်များကို လိုက်နာရမှာ ဖြစ်ပါတယ်။

- **ကျန်းမာရေးနဲ့ ညီညွတ်တဲ့ နေထိုင်မှုပုံစံကို လိုက်နာကျင့်သုံးပြီး သွေးပေါင်ချိန်ကို လျှော့ချနိုင်ပါတယ်။**

ဖျတ်ဖျတ်လတ်လတ် လှုပ်ရှားနေထိုင်ပါ။ ကိုယ်ကာယလေ့ကျင့်ခန်းပြုလုပ်ပါ။ လမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်း၊ သို့မဟုတ် ရေကူးခြင်းကို နေ့တိုင်းလိုလို နာရီဝက်မှတစ်နာရီခန့်ကြာအောင် ပြုလုပ်သင့်ပါတယ်။ လှုပ်လှုပ်ရှားရှားမနေတဲ့ သူတိုင်းဟာ ကိုယ်ကာယလေ့ကျင့်ခန်းပြုလုပ်ခြင်း၊ ပို၍သွက်သွက်လက်လက် လှုပ်လှုပ်ရှားရှား နေထိုင်ခြင်းအားဖြင့် သွေးပေါင်ချိန်ကိုရော၊ ကိုယ်အလေးချိန်ကိုပါ ကျစေနိုင်ပါတယ်။

လတ်ဆတ်တဲ့အသီးအနှံနဲ့ ဟင်းသီးဟင်းရွက်များ၊ အဆီထုတ်ထားသော နို့ထွက်ပစ္စည်းများနဲ့ အဆီနည်းသော အစားအစာများကို ပိုစားပါ။ လွယ်လင့်တကူ စားသုံးနိုင်ရန် အသင့်ထုပ်ပိုးထားသော အစားအစာများ၊ ဥပမာ–ခေါက်ဆွဲခြောက်ထုပ်များမှာ အငန်ဓာတ်များသဖြင့် ရှောင်ကြဉ်သင့်ပါတယ်။

အစာစားရင် ဆားလျှော့စားပါ။ လူတစ်ယောက်ဟာ အသက်၅၀ကျော်လာပြီဆိုရင် အစားအစာထဲမှာ အငန်ဓာတ်များခြင်းကြောင့် သွေးတိုးရောဂါကို ဖြစ်ပွားစေနိုင်သလို ရှိပြီးသွေးတိုးရောဂါကိုလဲ ပိုဆိုးလာစေနိုင်ပါတယ်။ ဆားလျှော့စားခြင်းဖြင့် သွေးတိုးရောဂါရှိတဲ့ သူများမှာ သွေးပေါင်ချိန် ကျလာနိုင်စေပါတယ်။ ဒါကြောင့် ငန်တဲ့ အစားအစာများကို ရှောင်ပါ။ ထမင်းစားတဲ့အခါ ဆားထပ် ထည့်မစားပါနဲ့။ ဆားလျှော့စားခြင်းဖြင့် သွေးပေါင်ချိန်ကို ငါးမီလီမီတာမာကျူရီမှ ၁၀မီလီမီတာမာကျူရီအထိ သိသိသာသာ ကျဆင်းစေနိုင်ပါတယ်။

အရက်သောက်တတ်တဲ့သူများဆိုရင် တစ်နေ့ကို နှစ်ခွက် (အရက်ချိန် နှစ်ယူနစ်)ထက် ပိုမသောက်သင့်ပါဘူး။ အရက်ချိန် တစ်ယူနစ် (တစ်ခွက်)ဟာ အရက်ပါဝင်မှု၅ရာခိုင်နှုန်း ပမာဏရှိတဲ့ဘီယာ ၁၂အောင်စ၊ ၁၂ရာခိုင်နှုန်း ပမာဏရှိတဲ့ ဝိုင် ငါးအောင်စ၊ ဒါမှမဟုတ် ၄၀ရာခိုင်နှုန်း ပမာဏရှိတဲ့ အရက်တစ်အောင်စနဲ့ ညီမျှပါတယ်။ အရက်များများသောက်ခြင်းဟာ သွေးပေါင်ချိန်ကို တိုးစေရုံမျှမက သွေးတိုးရောဂါကိုပါ ဖြစ်စေနိုင်ပါတယ်။ အမျိုးသမီးများဟာ အမျိုးသားများထက် အရက်ရဲ့ ဆိုးကျိုးကို ပိုမိုခံစားရနိုင်ပါတယ်။ အရက်ကို လျှော့သောက်ခြင်းဖြင့် ကိုယ်အလေးချိန်ကိုလဲ လျှော့ချနိုင်ပါတယ်။

ကိုယ်အလေးချိန်ကို ကျန်းမာရေးနဲ့ ညီညွတ်တဲ့ အနေအထား (အတိုင်းအတာ) အတွင်းမှာ ရှိပါစေ။ ကိုယ်အလေးချိန် ၄ဒသမ၅ကီလို (၁၀ပေါင်ခန့်) လျှော့ချခြင်းဟာ အခြားဆေးဝါးများ အကူအညီပင် မလိုအပ်ဘဲ သွေးပေါင်ချိန်ကို လျှော့ကျစေနိုင်ပါတယ်။

ဆေးလိပ်ဖြတ်ပါ။ ဆေးလိပ်သောက်ခြင်းကြောင့် သွေးပေါင်ချိန် မတက်နိုင်ပေမယ့် သွေးတိုးရောဂါရှိသူများမှာ ဆေးလိပ်သောက်ခြင်းဟာ နှလုံးရောဂါ ဖြစ်ပွားဖို့အခွင့်အလမ်းကို သိသိသာသာ ပိုများစေနိုင်တဲ့အပြင် သွေးပေါင်ကျဆေးများရဲ့ ထိရောက်မှုအာနိသင်ကို နည်းသွားစေနိုင်ပါတယ်။

အစာစားရင် ဆားလျှော့စားပါ။ လူတစ်ယောက်ဟာ အသက်၅၀ကျော်လာပြီဆိုရင် အစားအစာထဲမှာ အငန်ဓာတ်များခြင်းကြောင့် သွေးတိုးရောဂါကို ဖြစ်ပွားစေနိုင်သလို ရှိပြီးသွေးတိုးရောဂါကိုလဲ ပိုဆိုးလာစေနိုင်ပါတယ်။ ဆားလျှော့စားခြင်းဖြင့် သွေးတိုးရောဂါရှိတဲ့ သူများမှာ သွေးပေါင်ချိန် ကျလာနိုင်စေပါတယ်။

စိတ်ဖိစီးမှုများသော အခြေအနေများကို ရှောင်ကြဉ်ခြင်းဖြင့်လဲ သွေးပေါင်ချိန်ကို လျှော့ချနိုင်ပါတယ်။

နေထိုင်မှုပုံစံကို ပြောင်းလဲပစ်ခြင်းဟာ အချို့လူနာများမှာ ဆေးဝါးကဲ့သို့ပင် ထိရောက်မှုရှိပါတယ်။ အကယ်၍ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ နေထိုင်စားသောက်မှုနဲ့ သွေးပေါင်ချိန် ပုံမှန်မရောက်ခဲ့ရင် ဆရာဝန်ထံမှာ ဆေးကုသမှုခံယူဖို့ လိုအပ်ပါတယ်။

- သွေးတိုးရောဂါရှိသူများဟာ နှလုံးရောဂါနဲ့ လေဖြတ်ရောဂါများကို ဖြစ်စေတဲ့ အခြားအခြေအနေများပါ ရှိနေတတ်တာကြောင့် သွေးတွင်း သကြားဓာတ်နဲ့ အဆီဓာတ် များ၊မများကိုပါ စစ်ဆေးသင့်ပါတယ်။
- ကျောက်ကပ် ပုံမှန်အလုပ် လုပ်၊မလုပ်သိရှိနိုင်ရန် သွေးနဲ့ဆီးကိုလဲ စစ်ဆေးသင့်ပါတယ်။ ကျောက်ကပ်ရောဂါကြောင့်လဲ သွေးတိုးနိုင်ပါတယ်။
- ဆရာဝန်က ညွှန်ကြားထားတဲ့အတိုင်း ဆေးများကို မှန်မှန်မသောက်ရင် ဆေးအာနိသင် ထိရောက်မှုမရှိနိုင်ပါဘူး။ ဒါကြောင့် ပေးထားတဲ့ဆေးများကို တိတိကျကျ သောက်ဖို့လိုအပ်ပါတယ်။
- ဆေးတိုင်းမှာ ဘေးထွက်ဆိုးကျိုးတွေလဲ ရှိနေနိုင်တဲ့အတွက် ဆိုးကျိုးများ ဖြစ်လာခဲ့ရင် ဆရာဝန်ကို အသိပေးတိုင်ပင်ရမှာ ဖြစ်ပါတယ်။
- သွေးပေါင်ချိန်ကို ပုံမှန်စစ်ဆေးပါ။
- သွေးတိုးရောဂါဝေဒနာရှင်များမှာ သွေးပေါင်ချိန် ရုတ်တရက် တက်လာရင် ကြောက်မက်ဖွယ်ကောင်းတဲ့ နောက်ဆက်တွဲ ပြဿနာများဖြစ်တဲ့ လေဖြတ်ခြင်း၊ နှလုံးသွေးကြောပိတ်ခြင်း၊ အဆုတ်ထဲသို့ သွေးလျှံခြင်းတို့ဖြစ်ပြီး ရုတ်တရက် အသက်ဆုံးရှုံးနိုင်ပါတယ်။ ဒါကြောင့် ဒီလိုသွေးပေါင်ချိန် ရုတ်တရက်တက်လာတာကို "သွေးတိုးရောဂါ၏ အရေးပေါ်အန္တရာယ်ပေးအခြေအနေများ"လို့ ခေါ်ကြပါတယ်။ ဒီအခြေအနေများကို ဖြစ်လျှင်ဖြစ်ချင်း ကုသမှုပေးဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ရုတ်တရက်နေထိုင်မကောင်းလျှင် ဆရာဝန်နဲ့ ပြသရန် နှောင့်နှေးစောင့်ဆိုင်းခြင်း မပြုသင့်ပါဘူး။

သွေးတိုးရောဂါကို ထိန်းသိမ်းရာမှာ သုံးသော ဆေးဝါးများဟာ နှလုံးသွေးကြောပိတ်ခြင်းနဲ့ လေဖြတ်ခြင်းတို့ကိုပါ ကာကွယ်ပေးနိုင်ပါတယ်။ သွေးပေါင်ချိန်ကို တစ်မီလီမီတာမာကျူရီလျှော့ချနိုင်ရင် လေဖြတ်ခြင်းကို ၁ရာခိုင်နှုန်း လျှော့ကျစေနိုင်ပါတယ်။

သွေးတိုးရောဂါ ထိန်းသိမ်းရာတွင် အသုံးပြုသော ဆေးဝါးများဟာ အကြမ်းဖျင်းအားဖြင့် သွေးပေါင်ကို ကျစေနိုင်ပြီး လူတစ်ဦးစီ၏ ဘဝ အရည်အသွေးကိုပါ ကောင်းမွန်လာအောင် စွမ်းဆောင်ပေးနိုင်ပါတယ်။ ဒါပေမယ့် လူနာတစ်ဦးနဲ့တစ်ဦး မတူပါဘူး။ အချို့လူနာများက ဆေးတစ်မျိုးက အခြားဆေးတစ်မျိုးထက် ပိုပြီး ရလဒ်ကောင်းများရရှိပြီး အချို့လူနာများကတော့ ဆေးတစ်မျိုးထက်ပိုပြီး လိုအပ်တတ်ပါတယ်။ ဆေးဝါးအမျိုးမျိုးမှာ ကုန်ကျစရိတ်များ မတူသလို ခြားနားတဲ့ ဆိုးကျိုးများလဲ ရှိပါတယ်။ ဒါကြောင့် ဆေးကုသရာမှာ လူနာတစ်ဦးချင်းအလိုက် ကုသမှု ပေးရပါတယ်။ ဒါကြောင့် သွေးတိုးရောဂါကို ထိန်းသိမ်းကုသရာမှာ ကျွမ်းကျင်သူများရဲ့ အကြံဉာဏ်ကို ယူသင့်ပါတယ်။

နှလုံးသွေးကြောရောဂါကို ဖြစ်စေနိုင်တဲ့ အခြားအရေးကြီးတဲ့ အခြေအနေများဟာလဲ သွေးတိုးရောဂါနဲ့ အတူတူတွဲပြီး တွေ့ရတတ်ပါတယ်။ အဲဒါတွေကတော့ ဆေးလိပ်သောက်ခြင်း၊ သွေးအဆီဓာတ်များခြင်း၊ သွေးချို ဆီးချိုရောဂါ၊ အဝလွန်ခြင်းနဲ့ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်းတို့ ဖြစ်ကြပါတယ်။ နှလုံးသွေးကြောရောဂါ ထိန်းသိမ်းရေးစီမံချက်က ကွင်းဆင်းလေ့လာ ကောက်ယူခဲ့တဲ့ စစ်တမ်းများအရ မြန်မာနိုင်ငံမှာ ဆေးလိပ်သောက်သူ ၂၀ ရာခိုင်နှုန်းခန့်ရှိပြီး ကျေးလက်နဲ့ မြို့ပြကွာခြားချက်မရှိပါ။ အမျိုးသားများက ဆေးလိပ်ပိုသောက်ကြတာကို တွေ့ရှိရပါတယ်။ ဒီစီမံချက်ရဲ့ လေ့လာချက်တစ်ခုမှာပဲ လူဦးရေရဲ့ ၁၈ရာခိုင်နှုန်းဟာ အဝလွန်နေသည်ကို တွေ့ရှိခဲ့ပါတယ်။ နှလုံးသွေးကြောရောဂါ ထိန်းသိမ်းရေးစီမံချက်နှင့် သွေးချိုဆီးချိုရောဂါ ထိန်းသိမ်းရေးစီမံချက်များရဲ့ စစ်တမ်းများအရ လူဦးရေရဲ့ ၈ရာခိုင်နှုန်းမှ ၁၂ရာခိုင်နှုန်းမှာ သွေးချိုဆီးချိုရောဂါဖြစ်နေပြီး ၂၆ရာခိုင်နှုန်းမှာ သွေးတွင်းအဆီဓာတ်များနေသည်ကို တွေ့ရှိရပါတယ်။ ဒါကြောင့် နှလုံးသွေးကြောရောဂါ မဖြစ်အောင် ကာကွယ်နိုင်ရန်အတွက် အထက်ဖော်ပြပါ အခြေအနေများအားလုံးကို တစ်ပြိုင်နက်တည်း ထိန်းသိမ်းကုသရမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် ပြောရမယ်ဆိုရင် သွေးတိုးရောဂါဟာ မဖြစ်အောင် ကာကွယ်နိုင်တဲ့အပြင် ဖြစ်လာရင်လဲ ထိန်းသိမ်းကုသပြီး နောက်ဆက်တွဲဆိုးကျိုးများကို ကာကွယ်နိုင်တဲ့ရောဂါ ဖြစ်ပါတယ်။ ဒါကြောင့် **"သွေးတိုးရောဂါကို စောစီးစွာ သိရှိဖော်ထုတ်ပြီး ထိရောက်အောင်ကုသကြပါစို့"**လို့ ရေးသားတင်ပြလိုက်ရပါတယ်။ ။



အဇာဘိုင်ဂျန်နိုင်ငံ ကက်စပီယံပင်လယ်တွင်းရှိ ရေနံမြေလုပ်ငန်းခွင်တစ်နေရာကို မေ ၁၂ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

# အမေရိကန်နှင့် အနောက်အုပ်စုနိုင်ငံများ ပြည်တွင်းရေး ဝင်မစွက်ဖက်ရန် ဆီးရီးယား သတိပေး

**ကုလသမဂ္ဂ မေ ၁၂**

အမေရိကန်နှင့် အနောက်အုပ်စု နိုင်ငံများအနေဖြင့် ဆီးရီးယားနှင့် လက်ဘနွန်နိုင်ငံတို့၏ ပြည်တွင်းရေးကိစ္စများတွင် စွက်ဖက်မှု ရပ်ဆိုင်းသင့်ကြောင်း ဆီးရီးယား ဒုတိယနိုင်ငံခြားရေးဝန်ကြီး ပေစကယ်မက်ဒက်က အင်္ဂါနေ့တွင် သတိပေး ပြောကြားလိုက်သည်။

ပုံမှန်သံတမန် ဆက်ဆံရေး ပြန်လည်ထူထောင်ရန်နှင့် နှစ်နိုင်ငံနယ်စပ် ပြန်လည်သတ်မှတ်ရန် လက်ဘနွန်နိုင်ငံ၏ တိုက်တွန်းချက်အပေါ် ဆီးရီးယားက တုံ့ပြန်ရာမှ ဆီးရီးယားဒုတိယဝန်ကြီးက အထက်ပါအတိုင်း ပြောဆိုခဲ့ခြင်းဖြစ်သည်။

**ဖြေရှင်း**

မိမိအမြင်ပြောကြားရလျှင် ဖော်ပြပါ ပြဿနာအပေါ် ဆီးရီးယားနှင့် လက်ဘနွန်နှစ်နိုင်ငံတို့ကသာ ဖြေရှင်းရမည်ဖြစ်သည်ဟု မက်ဒက်က သတင်းထောက်များသို့ ပြောကြားသည်။

ဆီးရီးယား လက်ဘနွန်ပြဿနာအပေါ် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်နှင့် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဖိလစ်ဒူဆဂီ-ဘလေဇီတို့က ကုလသမဂ္ဂ၌ အင်္ဂါနေ့တွင် တွေ့ဆုံဆွေးနွေးကြမည်ဖြစ်သည်။

**စွက်ဖက်စရာမလို**

လက်ဘနွန်သည် အချုပ်အခြာပိုင်စိုးသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ နှစ်နိုင်ငံတွေ့ဆုံညှိနှိုင်းမှု ရလဒ်အပေါ် အခြေခံ၍ ယင်းပြဿနာကိုဖြေရှင်းသွားမည်ဖြစ်ကြောင်း၊ ဆီးရီးယားနှင့် လက်ဘနွန်တွင် ဖြစ်ပေါ်သည့် ကိစ္စများတွင် ရိုက်စ်နှင့် ဘလေဇီတို့ ဝင်ရောက်စွက်ဖက်စရာ မလိုကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ဆီးရီးယားလက်ဘနွန်ပြဿနာအပေါ် အစီရင်ခံစာတစ်စောင် မကြာမီက ထုတ်ပြန်ခဲ့သည်။ ယင်းအစီရင်ခံစာတွင် ဆီးရီးယားနှင့် လက်ဘနွန်နိုင်ငံအတွင်း ပုံမှန်ဆက်ဆံရေးပြုလုပ်ရန်နှင့် နှစ်နိုင်ငံနယ်စပ်ပြန်လည်သတ်မှတ်ရန် တိုက်တွန်းထားခဲ့သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# လူမှုရေးဆိုင်ရာ ဖောက်ဖျက်မှုများ ဥရောပ၌ ဗြိတိန်အဆိုးရွားဆုံးဖြစ်

**လန်ဒန် မေ ၁၂**

ဗြိတိန်နိုင်ငံသည် အရက်သေစာ မူးယစ်သောက်စားမှု၊ စာသင်ကျောင်းများနှင့် အိမ်များတွင် စည်းကမ်းဖောက်ဖျက်မှုစသည့် လူမှုရေးဆိုင်ရာ ပြဿနာများ ဥရောပဒေသတွင် အဆိုးရွားဆုံး ဖောက်ဖျက်နေသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ကြောင်း အင်္ဂါနေ့က ထုတ်ပြန်သော လေ့လာချက်စစ်တမ်းတစ်ခုအရ သိရှိရသည်။

**ယူဆထား**

ဥရောပ သမဂ္ဂအဖွဲ့အတွင်း အကြီးဆုံးနိုင်ငံခြောက်နိုင်ငံမှ လူ ၇၀၀၀ ကို လေ့လာကြည့်ရာ ၇၆ ရာခိုင်နှုန်းသော ပြည်သူတို့က ဖော်ပြပါ ပြဿနာနှင့် စပ်လျဉ်း၍ ဗြိတိန်သည် အဆိုးရွားဆုံးနိုင်ငံ ဖြစ်သည်ဟု ယူဆထားကြပြီး ပြင်သစ်မှ ၇၅ ရာခိုင်နှုန်းနှင့် ဂျာမနီမှ ၆၁ ရာခိုင်နှုန်းသော တုံ့ပြန်ဖြေကြားမှုများကလည်း ယင်းကဲ့သို့ပင်ဖြေကြားကြသည်ဟုဆိုသည်။

အဆိုပါ စစ်တမ်းကို လန်ဒန် တက္ကသိုလ်က ရေးသားပြုစုခဲ့ခြင်း ဖြစ်သည်။

ဗြိတိန်နိုင်ငံသားများသည် ဥရောပ၌ မူးယစ်သောက်စားရာတွင် အဆိုးရွားဆုံးသူများဖြစ်သည်ဟု မကြာခဏ ရှုတ်ချခံနေရသည်။

စစ်တမ်းပြုစုသူများ၏ မေးခွန်းများကို တုံ့ပြန်ပြောကြားသူများ၏ ထက်ဝက်ခန့်က ယင်းအမူအကျင့်များ ပြောင်းလဲကာ ကောင်းမွန်လာစေရေးအတွက် ကြီးလေးသည့် အပြစ်ပေးအရေးယူမှုများ ပြုလုပ်ခြင်းဖြင့် ထိန်းသိမ်းပြုပြင်ပေးနိုင်မည်ဟု ထင်မြင်နေကြသည်။

***အမ်အင်အေ၊ ရိုက်တာ။***

**ဟန်ဂေရီနိုင်ငံ ဘူဒါပက်စ်မြို့တော် ကောင်းကင်ယံတွင် အိတ်စထရာ-၃၀၀ လေယာဉ်တစ်စင်း ပျံသန်းနေသည်ကို မေ ၁၁ရက်ကတွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

# နယ်သာလန်နှင့် မလေးရှားနိုင်ငံ သစ်လုပ်ငန်းဆိုင်ရာ အစည်းအဝေးကျင်းပမည်

**ကွာလာလမ်ပူ မေ ၁၂**

မလေးရှားနှင့် နယ်သာလန်နိုင်ငံတို့က သစ်တောကဏ္ဍဆိုင်ရာ အစည်းအဝေးကို လာမည့်တနင်္လာနေ့တွင် ကျင်းပမည်ဟု ကွာလာလမ်ပူ အခြေစိုက် တော်ဝင်နယ်သာလန်သံရုံးက ကြာသပတေးနေ့တွင် ပြောကြားသည်။

သစ်တောကဏ္ဍဆိုင်ရာ မလေးရှား နယ်သာလန် ပူးတွဲလုပ်ငန်းအဖွဲ့၏ အဌမအကြိမ်အစည်းအဝေးကို ပူထရာဂျာယာဒေသရှိ မလေးရှားအုပ်ချုပ်ရေးရုံးတွင် ကျင်းပမည်ဖြစ်သည်ဟု အဆိုပါ သံရုံးက ပြောကြားသည်။

စိုက်ပျိုးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဘန်ဒရီဗင်ဒါဇန်ဒီက နယ်သာလန် ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်မည်ဟု အဆိုပါ သံရုံးက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

အဆိုပါ အစည်းအဝေးတွင် နှစ်နိုင်ငံအကြား သစ်ထုတ်လုပ်ရေးကိစ္စနှင့် သစ်ထုတ်လုပ်ရာတွင် တရားဝင်ခွင့်ပြုချက်ရရှိရေး၊ စဉ်ဆက်မပြတ် သစ်ထုတ်လုပ်ခွင့် ရရှိစေမည့် အစီအစဉ်ရေးဆွဲရေးကိစ္စများနှင့် ယခုလက်ရှိကျင့်သုံးနေသော မူဝါဒကိစ္စများကို ဆွေးနွေးကြမည်ဖြစ်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ဂွာတာနာမို အကျဉ်းစခန်း ပိတ်သင့်ကြောင်း ပြောကြား

**လန်ဒန် မေ ၁၂**

ဗြိတိန်အစိုးရ၏ ထိပ်တန်းဥပဒေအကြံပေးအရာရှိက ဂွာတာနာမိုပင်လယ်ကွေ့မှ အမေရိကန်အကျဉ်းစခန်းကို ပိတ်ပင်ရန်နှင့် ယင်းစခန်းရှိနေခြင်းဖြင့် တရားမျှတမှုမရှိသည့် လက္ခဏာတစ်ရပ်ကို ဖော်ညွှန်းနေကြောင်း ပြောကြားလိုက်သည်။

ဂွာတာနာမိုအကျဉ်းစခန်း တည်ရှိနေမှုမှာ လက်ခံနိုင်စရာမရှိကြောင်း၊ မိမိအမြင်အရ ယခုအချိန်တွင် ယင်းစခန်းကို ပိတ်သင့်ပြီဟု ထင်ကြောင်း ဗြိတိန်ရှေ့နေချုပ် ပီတာဂိုးလ်စမစ်က ပြောကြားသည်။

ဂွာတာနာမို အကျဉ်းစခန်းနှင့် ပတ်သက်၍ ယခုအချိန်အထိ ဗြိတိန်မှ ထိပ်တန်းတာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦး၏ ဝေဖန်ပြောကြားချက်သည် အပွင့်လင်းဆုံး ဝေဖန်ချက်တစ်ရပ်ပင် ဖြစ်သည်။

***အမ်အင်အေ၊ရိုက်တာ။***




# အမေရိကန်၏ အနာဂတ်ရေးနှင့်ပတ်သက်၍ ကန်ပြည်သူများ ယုံကြည်အားထားမှု နည်းပါး

**ဝါရှင်တန် မေ ၁၂**

အမေရိကန် ပြည်သူလူထုသည် နိုင်ငံ၏ အနာဂတ်အရေးနှင့် ပတ်သက်၍ ဆယ်စုနှစ် နှစ်စုကျော်ကာလအတွင်း ယုံကြည်အားထားမှုနည်းပါးသည့်အခြေအနေမျိုး ဖြစ်ပေါ်နေကြောင်း နယူးယောက်တိုင်းစ် သတင်းစာနှင့် စီဘီအက်စ် သတင်းဌာနတို့ ပူးပေါင်းကောက်ယူသည့် လူထုသဘောထား စစ်တမ်းတစ်ခုအရ သိရသည်။

တုံ့ပြန်ဖြေကြားသူ ၇၀ရာခိုင်နှုန်းက အမေရိကန် နိုင်ငံသည် မှားယွင်းသည့် လမ်းကြောင်းပေါ်သို့ ဦးတည်လျှောက်လှမ်းနေသည်ဟု ဖြေကြားပြီး ၂၃ ရာနှုန်းက နိုင်ငံ ဦးတည်လျှောက်လှမ်းသည့် လမ်းကြောင်းအပေါ် သဘောတူညီမှု ရှိသည်ဟု ပြောကြားခဲ့သည်။

အမေရိကန်ပြည်သူအများစုသည် အနှစ် ၂၀ ကျော်ကာလအတွင်း နိုင်ငံဦးတည်ရာအနာဂတ်လမ်းကြောင်းအပေါ် အဆိုးမြင်သဘောထားရှိနေကြသည်ဟုစစ်တမ်းတွင် ဖော်ပြထားသည်။

၃၉ရာနှုန်းသော တုံ့ပြန်ဖြေကြားသူများက အီရတ်စစ်ပွဲအပေါ် မှန်ကန်သည့်ဆုံးဖြတ်ချက်ဟု ထင်မြင်ကြရာ ယခင်ဇန်နဝါရီလက ကောက်ယူရရှိထားသည့် ၄၇ ရာနှုန်းအောက်သို့ပင် ကျဆင်းခဲ့သည်။ သုံးပုံနှစ်ပုံသော တုံ့ပြန်ပြောကြားသူများက သမ္မတဘုရှ်သည် အီရတ်စစ်ပွဲကို အောင်မြင်စွာ အဆုံးသတ်နိုင်မည်မဟုတ်ဟု ထင်မြင်ထားကြသည်။

၆၃ရာခိုင်နှုန်းသော ဖြေကြားသူများက သမ္မတဘုရှ်၏ နိုင်ငံခြားရေးမူဝါဒအပေါ်ယေဘုယျအားဖြင့် သဘောတူညီခြင်း မရှိကြကြောင်း သိရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

**၂၀၀၈ခုနှစ် အိုလံပစ်အားကစားပြိုင်ပွဲအတွက် ကျွမ်းဘား လေ့ကျင့်နေသော ဩစတြေးလျ အားကစားသမားတစ်ဦးကို မေ ၁၁ ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

# တရုတ်မှ လျှပ်စစ်ဓာတ်အား ဗီယက်နမ်ပိုမိုဝယ်ယူရန် စီစဉ်

ဟန္နိုင်း မေ ၁၂

**ဗီယက်နမ်နိုင်ငံသည် တရုတ်နိုင်ငံမှ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၀၀ ကို ထပ်မံဝယ်ယူရန် စီစဉ်လျက်ရှိသည်။ ၂၀၁၀ ပြည့်နှစ်တွင် ထိုင်နုယန်ပြည်နယ်မြောက်ပိုင်းသို့ ဓာတ်အားများ ဖြန့်ဝေပေးရန်အတွက် ဝယ်ယူခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ ဗီယက်နမ်သတင်းစာက မေ ၈ ရက်တွင် ဖော်ပြခဲ့သည်။**

တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှ ကီလိုဗို့ ၂၂၀ ရှိ ဓာတ်အားလိုင်းမှ တစ်ဆင့် ထိုင်နုယန်ပြည်နယ်သို့ ဓာတ်အားများ လွှတ်ပေးမည်ဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ ဓာတ်အားလုပ်ငန်း (အီးဗွီအန်)၏ ပြောကြားချက်ကို သတင်းစာ၌ ကိုးကားဖော်ပြခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်တွင် တရုတ်နိုင်ငံမှ တစ်နာရီလျှင် ဓာတ်အား ကီလိုဝပ် တစ်ဘီလီယံကျော်နှင့် ၂၀၀၇ နှစ်တွင် တစ်နာရီလျှင် ဓာတ်အား ကီလိုဝပ် ၁ ဒသမ ၃ ဘီလီယံတင်သွင်းမည်ဖြစ်ကြောင်း၊ အဆိုပါဓာတ်အားများကို ကီလိုဗို့ ၁၁၀ နှင့် ၂၂၀ ဓာတ်အားလိုင်းများမှတစ်ဆင့် ရယူသွားမည်ဖြစ်ကြောင်း သိရသည်။ ဓာတ်အားဝယ်ယူရေး သဘောတူစာချုပ်ကို နှစ်နိုင်ငံမှ ကိုယ်စားလှယ်များ လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ကြောင်း အဆိုပါလုပ်ငန်းဌာနက ပြောကြားခဲ့သည်။

အီးဗွီအန်လုပ်ငန်းနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ကျွန်ဇီဖောင်ဒေသမှ ဓာတ်အားကုမ္ပဏီတို့ လက်မှတ်ရေးထိုးခဲ့သည်။ ကီလိုဗို့ ၂၂၀ ဓာတ်အားလိုင်းမှတစ်ဆင့် ဓာတ်အား သွယ်ယူမှုကို အောက်တိုဘာလ အစောပိုင်းတွင် စတင်ဆောင်ရွက်မည်ဖြစ်သည်။ လက်ရှိ အခြေအနေတွင် ကီလိုဗို့ ၁၁၀ ဓာတ်အားလိုင်းမှတစ်ဆင့် လျှပ်စစ်ဓာတ်အား ရယူလျက်ရှိသည်။

ဗီယက်နမ်နိုင်ငံ၏ လျှပ်စစ်ဝယ်လိုအားသည် နှစ်စဉ် ၁၅ မှ ၁၆ရာခိုင်နှုန်းထိ ပိုမိုများပြားလာဖွယ်ရှိကြောင်း ဗီယက်နမ် လျှပ်စစ်ဝန်ကြီးဌာနက ဖော်ပြထားသည်။ ထိုနိုင်ငံ၌ လောလောဆယ်တွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှု စွမ်းအားသည် စုစုပေါင်း ၁၁ မဂ္ဂါဝပ်ရှိကြောင်း၊ ထိုလျှပ်စစ်ဓာတ်အားများကို အများအားဖြင့် ကျောက်မီးသွေးနှင့် ရေအားလျှပ်စစ်တို့မှ ထုတ်ယူရရှိကြောင်း၊ ၂၀၀၈ခုနှစ်တွင် လာအိုနိုင်ငံမှ လျှပ်စစ်ဓာတ်အား စတင် ဝယ်ယူသုံးစွဲရန် စီစဉ်ထားကြောင်း ဖော်ပြခဲ့သည်။

ဗီယက်နမ်နိုင်ငံအစိုးရသည် လျှပ်စစ်သုံးစွဲမှု မဟာစီမံကိန်းတစ်ရပ်ကို မကြာသေးမီက ထုတ်ပြန်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ် မတိုင်မီ လျှပ်စစ်ဓာတ်အား စုစုပေါင်း ၆၁ မဂ္ဂါဝပ်ကို ထုတ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။ ဗီယက်နမ်တွင် ကာမာခုပြည်နယ် တောင်ဘက်ဆုံး၌ ဓာတ်ငွေ့လောင်စာသုံး ဓာတ်အားပေးစက်ရုံကြီးကို တည်ဆောက်ရန် ယမန်နှစ်က စတင်၍ ဆောင်ရွက်ခဲ့သည်။ နိုင်ငံ၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု စုစုပေါင်း၏ ၁၈ ရာခိုင်နှုန်းသည် အဆိုပါစက်ရုံမှ ထုတ်လွှတ်ရန် ရည်မှန်းထားသည်။ ထိုစက်ရုံမှ ၂၀၀၈ ခုနှစ် မတ်လတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးမည်ဖြစ်သည်။

**စီစဉ်ထား**

ထို့အပြင် သဘာဝဓာတ်ငွေ့ကို အသုံးပြုခြင်းဖြင့် ဓာတ်မြေသြဇာထုတ်လုပ်ပေးမည့် ကမာခုစက်ရုံကို တည်ဆောက်ရန်လည်း စီစဉ်ထားသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၂၀ ပြည့်နှစ် မတိုင်မီအချိန်တွင် နျူကလီးယားဓာတ်အားပေးစက်ရုံကို တည်ဆောက်ရန် စီစဉ်ထားကြောင်း၊ လျှပ်စစ်ဓာတ်အား ပိုမိုဝယ်ယူသုံးစွဲလာသည့် အခြေအနေနှင့် ကိုက်ညီစေရန် ဖြည့်ဆည်းရခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

ဖိလစ်ပိုင်နိုင်ငံတွင် ကာလှိုင်အမည်ရှိ မုန်တိုင်းတိုက်ခတ်သဖြင့် နိုင်ငံတောင်ပိုင်း ကမ်းခြေတစ်လျှောက် ရပ်နားထားရသော သင်္ဘောအချို့ကို မေ ၁၂ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

# လေယာဉ်ပြေးလမ်း စောင့်ကြည့်လေ့လာရေးစနစ် စင်ကာပူ တီထွင်

စင်ကာပူ မေ ၁၂

**စင်ကာပူနိုင်ငံအခြေစိုက် စထရာတက်စစ်စတမ်ကုမ္ပဏီက စင်ကာပူအစိုးရ၏ ဘဏ္ဍာရေးအကူအညီဖြင့် လေယာဉ်ပြေးလမ်း စောင့်ကြည့်လေ့လာရေးစနစ်တစ်ခု တီထွင်ထားကြောင်း နယူးစ်အာရှ ရုပ်မြင်သံကြားက ကြာသပတေးနေ့တွင် ထုတ်လွှင့်သွားသည်။**

ယင်းစနစ်သည် ကမ္ဘာတစ်ဝန်းတွင် ပထမဆုံး တီထွင်မှုဖြစ်မည်ဟု ယူဆရပြီး ထိုစနစ်အရ လေယာဉ်ပြေးလမ်း ပေါ်ရောက်လာသည့် ငှက်သီးခန့် သေးငယ်သည့် ပြင်ပမှပစ္စည်းများနှင့် အပျက်အစီးအစအနများကိုပင် အချိန်ပြည့် ထောက်လှမ်းကြည့်ရှုနိုင်မည်ဖြစ်သည့်အပြင် ထူးခြားမှုရှိပါက အခြေအနေကို လေဆိပ်ဝန်ထမ်းများထံသို့ သတင်းပေး နှိုးဆော်ပေးနိုင်မည်ဖြစ်သည်။

ယင်းစနစ်အသုံးပြုကာ ထောက်လှမ်းမှုပြုလုပ်ခြင်းဖြင့် လေဆိပ်တွင် မည်သည့် အနှောင့်အယှက်များ ဝင်ရောက်နေကြောင်း ဖော်ထုတ်နိုင်မည်ဖြစ်၍ လေဆိပ်၏ လုံခြုံရေးနှင့် လုပ်ငန်းဆိုင်ရာ စွမ်းရည်တိုးမြှင့်ပေးနိုင်မည်ဟု ယူဆရသည်။

စင်ကာပူနိုင်ငံက စီးပွားရေးလုပ်ငန်း စိန်ခေါ်မှု အစီအစဉ်အရ တီထွင်မှု စီမံကိန်းများ ဖော်ဆောင်ရန်အတွက် အမေရိကန် ဒေါ်လာ ၃၂၀၀၀၀ ကျော်ကို အသုံးပြုခဲ့ပြီဖြစ်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

**တောင်ကိုရီးယားနိုင်ငံတွင် ပုံတူမျိုးပွားနည်းပညာဖြင့် မွေးမြူထားသည့် သက်တမ်း နှစ်နှစ်ပြည့်သွားပြီဖြစ်သော ခွေးကလေး စနက်ပီကို မေ ၁၁ ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ–အင်တာနက်)*

# ရော်ဘာခိုက်ခင်းများရောင်းချရန် ကမ္ဘောဒီးယား အစိုးရက စီစဉ်

ဖနောင်ပင် မေ ၁၂

ကမ္ဘောဒီးယားအစိုးရသည် ခပုန်ချမ်ပြည်နယ်ရှိ နိုင်ငံပိုင် ရော်ဘာစိုက်ခင်း သုံးခုကို ရောင်းချရန် စီစဉ်လျက်ရှိကြောင်း၊ ထိုစိုက်ခင်းများသည် ဖနောင်ပင်မြို့ အရှေ့ဘက် ၁၂၄ ကီလိုမီတာခန့်တွင်ရှိကြောင်း စီးပွားရေးသတင်းစာက မေ ၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အစိုးရကရောင်းချမည့် အဆိုပါစိုက်ခင်းများကို ပြည်တွင်းနှင့်ပြည်ပ ကုမ္ပဏီ များအနေဖြင့် သွားရောက်ကြည့်ရှုရန် ရောက်ရှိလာကြကြောင်း၊ သို့သော် ထိုစိုက်ခင်းများကိုဝယ်ယူရန် မည်သည့်ကုမ္ပဏီကမျှ ယခုအချိန်အထိ မဆုံးဖြတ်ရသေးကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာန ရော်ဘာစိုက်ပျိုးရေးဦးစီးဌာန၏ အကြီးအကဲ ချန်ဟစ်က ပြောကြားခဲ့သည်။

အဆိုပါ စိုက်ခင်းများ၏ တည်နေရာမှာ ချမ်ကာအန်ဒွန်ဒေသ၌ ဟက်တာ ၆၀၀၀၊ ဘွန်ကက်ဒေသ၌ ဟက်တာ ၄၀၀၀ နှင့် မီမော့ဒေသ၌ ဟက်တာ ၅၀၀ရှိကြောင်း ၎င်းကဆိုသည်။ ထိုစိုက်ခင်းများသည် ဥပဒေကြောင်းဆိုင်ရာ ရှုပ်ထွေးမှုများမရှိသော၊ အရှုပ်အရှင်းကင်းသည့် စိုက်ခင်းများဖြစ်သည်ဟု ဆိုသည်။

ထိုစိုက်ခင်းကို ဝယ်ယူမည့်ကုမ္ပဏီများက လာရောက်ကြည့်ရှုကြကြောင်း၊ ထိုစိုက်ခင်းဒေသရှိ နေထိုင်သူများနှင့် အရှုပ်အရှင်း ရှိ၊ မရှိကို သိရှိရန်လိုအပ်နေသေးသဖြင့်ဝယ်ယူရန် ဆုံးဖြတ်ချက်မချခဲ့ခြင်းဖြစ်ကြောင်း ရော်ဘာရင်းနှီးမြှုပ်နှံရေးကုမ္ပဏီမှ ကိုယ်စားလှယ်တစ်ဦးက ပြောကြားခဲ့သည်။

ရော်ဘာစိုက်ခင်းအချို့ကို အစိုးရက ရောင်းချမည်ဖြစ်ကြောင်း၊ သို့သော် လုပ်ငန်းစဉ်များကို အဆုံးမသတ်ရသေးသည့်အတွက် ရော်ဘာစိုက်ကွက် ရောင်းချရန်အစီအစဉ်ကို ယခုအချိန်အထိမကြေညာနိုင်သေးကြောင်း စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာန အတွင်းရေးမှူး ချန်တွန်ယို့စ်က ပြောဆိုခဲ့သည်။

***အမ်အင်အေ၊ဆင်ဟွာ။***




# ဘင်္ဂလားဒေ့ရှ်၌ မုန်တိုင်းကျရောက်၊ ငါးဦးသေပြီး ၂၀၀ ခန့် ဒဏ်ရာရရှိ

**ဒါကာ မေ ၁၂**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အနောက်ပိုင်းရှိ ဒေသနှစ်ခုတွင် မေ ၁၀ ရက် ညက လေမုန်တိုင်းကျရောက်ခဲ့ မှုကြောင့် လူငါးဦးသေဆုံးပြီး အခြားလူ ၂၀၀ ခန့် ဒဏ်ရာရရှိခဲ့သည်ဟု တာဝန်ရှိသူများက မေ ၁၁ ရက်တွင် ပြောကြားခဲ့သည်။

**သေဆုံး**

ဒါကာမြို့ အနောက်ဘက် ၁၄၃ ကီလိုမီတာအကွာ ဆီရာဂန်ဒေသတွင် ဆိုင်ကလုန်းမုန်တိုင်း ညတစ်နာရီခန့်အချိန်က ဝင်ရောက်ခဲ့သည်။ မုန်တိုင်း ကျရောက်မှုကြောင့် ထိုဒေသတွင် လူလေးဦး သေဆုံးခဲ့သည်ဟု ဒေသဆိုင်ရာ တာဝန်ရှိသူ အက်စ်တီရှုဇာမန်ဘာဘလူက ပြောကြားခဲ့သည်။

မုန်တိုင်းကြောင့် အခြားလူ ၁၅၀ ခန့်လည်း ဒဏ်ရာရရှိခဲ့ပြီး အိမ်များ၊ သစ်ပင်များနှင့် ဓာတ်တိုင်များ ပြိုကျခဲ့သည်။ လမ်းများ၌ သစ်ပင်များ လဲကျခြင်းကြောင့် သွားရေးလာရေး နှောင့်နှေးမှုများဖြစ်ပေါ်ခဲ့သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ဩရိဿပြည်နယ် လျှပ်စစ်ဓာတ်အားပေးစက်ရုံပေါက်ကွဲ အင်ဂျင်နီယာတစ်ဦး သေဆုံး၊ သုံးဦးဒဏ်ရာရ

**နယူးဒေလီ မေ ၁၂**

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဩရိဿပြည်နယ်ရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံ ပေါက်ကွဲမှုဖြစ်ပွားရာ အထက်တန်း လျှပ်စစ်အင်ဂျင်နီယာတစ်ဦး သေဆုံးပြီး၊ သုံးဦးထိခိုက်ဒဏ်ရာရရှိသွားကြောင်း အင်ဒိုအာဆီယံ သတင်းဌာနက အင်္ဂါနေ့တွင် ရေးသားဖော်ပြသည်။

မရူဆန်ဒေသ ဒါခူလီရာကျေးရွာအနီးရှိ အဆိုပါ ဓာတ်အားခွဲရုံမှာ အခြားဒေသများသို့ လျှပ်စစ်ဓာတ်အား ထပ်ဆင့်ဖြန့်ဖြူးပေးရာ နေရာဖြစ်သည်။ ထိုနေရာရှိ ၄၀၀ ကီလိုဗို့အားရှိ ဓာတ်အားပေးလိုင်းတွင် ထရန်စဖော်မာ လျှပ်တာပြောင်းကိရိယာကို တပ်ဆင်စဉ် ပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်သည်။ အသက် ၃၂ နှစ်ရှိ အထက်တန်းအင်ဂျင်နီယာ နာဇာရှန်ဟစ် သေဆုံးခဲ့ပြီး အခြားအလုပ်သမားများ မီးလောင်ဒဏ်ရာရရှိသွားသည်ဟု ရဲတပ်ဖွဲ့က ဗုဒ္ဓဟူးနေ့ မွန်းလွဲပိုင်းတွင် ပြောကြားသည်။ အထက်တန်းအင်ဂျင်နီယာ ရှန်ဟစ်မှာ ဓာတ်လိုက်၍ နေရာတွင်ပင် သေဆုံးသွားပြီး အခြားသုံးဦးမှာ မီးလောင်ဒဏ်ရာများ အသီးသီး ရရှိသွားခဲ့သည်။ မီးလောင်ဒဏ်ရာရရှိသူနှစ်ဦး၏ အခြေအနေမှာ အသက်အန္တရာယ် စိုးရိမ်ရကြောင်း သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

**တရုတ်နိုင်ငံ ဟောင်ကောင်တွင် လာရောက်ပြသသော အီတလီ အနုပညာရှင်ပေါင်လိုပါချစ်၏ သစ်သီးနဂါးရုပ်နှင့်အတူကစားနေသော ကလေးငယ်များကို မေ ၁၁ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ–အင်တာနက်)*

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# သဘာဝဓာတ်ငွေ့သုံးယာဉ်များ သတ်မှတ်ခေါက်ရေပြည့်မီစွာပြေးဆွဲ ယာဉ်တိုက်မှု လျော့နည်းကျဆင်းအောင် ကြပ်မတ်ဆောင်ရွက်

ရန်ကုန် မေ ၁၃

**ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ ညနေ ၅နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း တက်ရောက်အမှာစကားပြောကြားသည်။**

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ တာဝန်ရှိသူများနှင့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများက ကျောင်းကြို/ပို့ ယာဉ်များဆိုင်ရာကိစ္စရပ်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များ ညှိနှိုင်းစီမံဆောင်ရွက်ပေးပြီး တက္ကသိုလ်များ ပြန်လည် ဖွင့်လှစ်တော့မည်ဖြစ်၍ ကြို/ပို့ယာဉ်များ ပုံမှန်ပြန်လည်ပြေးဆွဲရန်အတွက် စီမံဆောင်ရွက်ကြရေး၊ သဘာဝ ဓာတ်ငွေ့သုံး ယာဉ်များ သတ်မှတ်ခေါက်ရေ ပြည့်မီစွာပြေးဆွဲကြရန်၊ စက်သုံးဆီအလွဲသုံးမှု မဖြစ်စေရန် ကြပ်မတ်ဆောင်ရွက်ကြရန်၊ မော်တော်ယာဉ်များ စနစ်တကျ မောင်းနှင်ပြေးဆွဲကြပြီး ယာဉ်တိုက်မှု တဖြည်းဖြည်း လျော့နည်း ကျဆင်းအောင် တာဝန်ရှိသူ အဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ကြရန်တို့နှင့် ပတ်သက်၍နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

# တိုးချဲ့ဖွင့်လှစ်သော အခွန်လွတ်ဈေးများ ဒုတိယမြို့တော်ဝန် စစ်ဆေး

**ရန်ကုန် မေ ၁၃**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင်နှင့် အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များ၌ ထပ်မံတိုးချဲ့ဖွင့်လှစ်ထားသော ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများအတွင်း ရောင်းဝယ်မှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ရှေးဦးစွာ ဒုတိယမြို့တော်ဝန်နှင့်အဖွဲ့သည် ထပ်မံတိုးချဲ့ဖွင့်လှစ်ထားရှိသော ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများဖြစ်သည့် လှိုင်သာယာမြို့နယ် ကျန်စစ်သားလမ်းနှင့် မန္တလေးလမ်းထောင့်ရှိ လှိုင်သာယာ အခွန်လွတ်ဈေးသို့လည်းကောင်း၊ ရွှေပြည်သာမြို့နယ် သီရိမင်္ဂလာ မြို့ပတ်လမ်းရှိ ရွှေပြည်သာ အခွန်လွတ်ဈေးသို့လည်းကောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ရာဇာဓိရာဇ်လမ်းရှိ ဒဂုံမြို့သစ်(မြောက်ပိုင်း) အခွန်လွတ် ဈေးသို့လည်းကောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ပြည်ထောင်စုလမ်းမကြီးရှိ ဒဂုံမြို့သစ်(တောင်ပိုင်း) အခွန်လွတ်ဈေးသို့လည်းကောင်း သွားရောက် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ရောင်းဝယ်သူပြည်သူများ စိတ်ချမ်းမြေ့မှုရှိစေရန်နှင့် ဈေးအတွင်းလျှောက်လမ်းများ ကောင်းမွန်စေရန် ဆောင်ရွက်ကြရေး မှာကြားသည်။

**ဆွေးနွေးမှာကြား**

ထို့နောက် ဒုတိယမြို့တော်ဝန်သည် လမ်းမတော်မြို့နယ် ကမ်းနားလမ်းရှိ မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်များအသင်းသို့ သွားရောက်၍ ကုန်စည်ဒိုင်အတွင်း ပုဂ္ဂလိက ဆန်ကုန်သည်များ ဆန် ရောင်းဝယ်ဖောက်ကားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဆန်စပါးကုန်သည်များအသင်း အစည်းအဝေးခန်းမ၌ အသင်းမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားသည်။ (သတင်းစဉ်)

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများ ကျင်းပရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**ရန်ကုန် မေ ၁၃**

မြန်မာ့ရိုးရာယဉ်ကျေးမှု နွေရာသီ အဆို၊ အက၊ အရေး၊ အတီး ပုံမှန်သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၈ရက်တွင် ပြည်ခရိုင် ပြည်မြို့နယ် မူရာပင်ရပ်ရှိ သီရိခေတ္တရာခန်းမ၌ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းက အမှာစကားပြောကြားပြီး ထူးချွန်ဆုရရှိသူများက အဆို၊ အကများဖြင့် ဖျော်ဖြေကြသည်။ အဆိုပါ သင်တန်းကို မေ ၁၉ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။

**ရှင်းလင်းတင်ပြ**

ပဲခူးတိုင်း (အနောက်ပိုင်းတိုင်းခွဲ) မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ် လှမင်းသည် မေ ၉ရက်တွင် ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ)ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော နဝမအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာ ပိုစတာ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီး ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ) မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပဲခူးတိုင်း(အနောက်ပိုင်း) ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်စိုးက ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာပြိုင်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ခရိုင်နှင့် သာယာဝတီခရိုင် ရဲတပ်ဖွဲ့မှူးများက ခရိုင်အလိုက်ပြိုင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို တင်ပြကြရာ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြသည်။ ဆွေးနွေးတင်ပြချက်များအပေါ် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းက လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး ပြိုင်ပွဲကို တက္ကသိုလ်များနှင့် ကောလိပ်များအဆင့်အထိ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ယှဉ်ပြိုင်နိုင်ရေး မှာကြားသည်။ (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၄-၅-၂၀၀၆ (တနင်္ဂနွေနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | တေးဂီတအစီအစဉ် |
| ၇း၁၀ | ဝါသနာရှင်စင်မြင့် |
| ၇း၄၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၇း၅၅ | တေးဂီတအစီအစဉ် |
| ၈း၀၀ | အရည်အသွေးထူးခြား မြန်မာ့ကျောက်မျက်များ |
| ၈း၁၅ | တေးဂီတအစီအစဉ် |
| ၈း၂၀ | Myanmar Video Rhythm |
| ၉း၁၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၂၀ | တေးဂီတအစီအစဉ် |
| ၉း၂၅ | 4-Channel ဓာတ်ပုံပြပွဲ |
| ၉း၄၅ | မိုးလေဝသခန့်မှန်းချက် |
| ၉း၅၀ | Sunday Talk ကိုကို(စက်မှုတက္ကသိုလ်)၊ ဒေါက်တာဇော်သန်း၊ မျိုးမြတ်သူ |
| ၁၀း၄၅ | တေးဂီတအစီအစဉ် |
| ၁၀း၅၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၀၀ | တေးဂီတအစီအစဉ် |
| ၁၁း၀၅ | နိုင်ငံတကာအနုပညာရေးရာ |
| ၁၁း၃၀ | တေးဂီတအစီအစဉ် |
| ၁၁း၃၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၄၀ | ဂီတရေစီးကြောင်းထဲက ဂီတာ |
| ၁၂း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ (၅)နာရီစာအစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

**Series-A ဘောလုံးပွဲစဉ်**

| ညပိုင်း | အစီအစဉ် | လိုင်း |
|---|---|---|
| ၇း၃၀ | Reggina-Juventus | 5-Sports (Live) |
| ၉း၃၀ | Chievo-Fiorentina | 5-Sports (SDD) |

**ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်းနေ ကွယ်လွန်သူ နှစ်ဖက်မိဘများနှင့် ခင်ပွန်းဦးကိုကိုကြည်အား ရည်စူး၍ ဇနီး ဒေါ်ညွန့်တင်နှင့် သားသမီးမြေးမြစ်တစ်စုက ဆေးပဒေသာပင်နှင့် ဘိုးဘွားလူနာများအတွက် Bedside Table တစ်လုံးကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူး အောင်သန်း(ငြိမ်း)ထံပေးအပ်လှူဒါန်းစဉ်။** (ဘိုးဘွားရိပ်သာ)

**နှစ်(၆၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ်အဖြစ် မော်လမြိုင်မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ မေ ၃ရက်က မော်လမြိုင်မြို့ မီးသတ်စခန်း အမှတ်(၁)၌ ခြစည်းရိုးကြည်ဆူပင် စုပေါင်းစိုက်ပျိုးကြစဉ်။** (၂၅၇)

# တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် မူးမြစ်ကူးတံတားဖွင့်ပွဲနှင့် ကျွန်းလှ-သဖန်းဆိပ်လမ်းဖွင့်ပွဲ တက်ရောက်

## အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်

**စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့်အတူ ကျွန်းလှမြို့နယ် ကျွန်းလှ-သဖန်းဆိပ်ကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားတွင် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။**
(အား/ကာ)

ရန်ကုန် မေ ၁၃

**စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မေ ၇ ရက်တွင် ရွှေဘိုခရိုင် ကျွန်းလှမြို့နယ်ရှိ မူးမြစ်ကူးတံတား (သဖန်းဆိပ်) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။**

ရှေးဦးစွာ အလှူရှင် ဟွန်ဒါ မြန်မာကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးတင်မောင်က မူးမြစ် ကူးတံတား (သဖန်းဆိပ်) ဆောက်လုပ်ရန် လှူဒါန်းငွေ ထည့်ဝင်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြို့မိမြို့ဖတစ်ဦးက မူးမြစ်ကူးတံတား (သဖန်းဆိပ်)ဆောက်လုပ်ပေးသည့်အတွက် ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သန်းထွန်း၊ စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေနှင့် အလှူရှင် ဦးတင်မောင်တို့က မူးမြစ်ကူးတံတား (သဖန်းဆိပ်) ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သာအေးက မူးမြစ်ကူးတံတား (သဖန်းဆိပ်) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် တံတားဖွင့်ပွဲ အထိမ်းအမှတ် သစ်ပင်များကို စိုက်ပျိုးပေးကြသည်။ အဆိုပါ မူးမြစ်ကူးတံတားမှာ နိုင်ငံတော်က သဖန်းဆိပ်ဆည်ကြီး တည်ဆောက်ချိန်တွင် ဆည်မြောင်းဦးစီးဌာနက သစ်သားတံတားတစ်စင်း တည်ဆောက်ခဲ့သည်။ အဆိုပါ တံတားမှာ ၂၀၀၄ ခုနှစ်တွင် ရာသီဥတုဒဏ်ကြောင့် ပျက်စီးယိုယွင်း၍ မော်တော်ယာဉ်များ ဖောင်ဖြင့် မြစ်ကူးနေရာမှ ယခုအခါ လုပ်ငန်းရှင်တစ်ဦးက ငွေကျပ်သိန်း ၁၁၀ ထည့်ဝင်လှူဒါန်း၍ ဒေသခံလုပ်ငန်းရှင်များက ငွေကျပ် ၉၅ သိန်း စုစုပေါင်း ငွေကျပ် ၂၀၅ သိန်း အကုန်အကျခံ တည်ဆောက်ခဲ့သည့်အတွက် ယာဉ်များလွယ်ကူစွာ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်သည်။

မြစ်ကူးတံတားမှာ အရှည် ၃၅၂ ပေ၊ အကျယ် ၁၈ ပေ၊ အမြင့် ၂၄ ပေရှိ သစ်သားတံတားဖြစ်ပြီး ၂၀၀၆ ခုနှစ် ဧပြီလ ၂၀ ရက်တွင် ပြီးစီးခဲ့သည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကျွန်းလှမြို့နယ် သဖန်းဆိပ်ရေလှောင်တမံသို့ ရောက်ရှိ၍ အဆိုပါ ရှင်းလင်းဆောင်၌ ရွှေဘိုခရိုင် ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ရွှေက သဖန်းဆိပ်ရေလှောင်တမံ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး စစ်ကိုင်းတိုင်း ဆည်မြောင်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဟုတ်ကြည်က နွေစပါးစိုက်ပျိုးမှုမှ အကျိုးပြုနိုင်မှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ သဖန်းဆိပ် ရေလှောင်တမံကြီးမှ ဆည်ရေသောက် လယ် ၃၀၅၉၅၅ ဧကကို နွေစပါးစိုက်ပျိုးရန် ရေပေးဝေနိုင်ခဲ့သည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကျွန်းလှမြို့နယ် ရွာသီကျေးရွာအုပ်စု သဖန်းဆိပ် စံပြကျေးရွာအနီး၌ ကျင်းပသော ကျွန်းလှ-သဖန်းဆိပ်လမ်း (သဖန်းဆိပ်ဘက်ခြမ်း) ကျောက်ချောလမ်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ အစီအစဉ်အရ လမ်းတာဝန်ခံ အင်ဂျင်နီယာ ဦးနိုင်နိုင်ဝင်းက လမ်းဖောက်လုပ်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြို့မိ မြို့ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် လုပ်ငန်းရှင် ဦးတင်မောင်တို့က လမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူးက ကျွန်းလှ-သဖန်းဆိပ်လမ်း ကျောက်ချောလမ်း (သဖန်းဆိပ်ဘက်ခြမ်း) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူးက လုပ်ငန်းဆောင်ရွက်ခဲ့သည့် ဌာန အသီးသီးသို့ ဆုများကို ပေးအပ်ချီးမြှင့်ပြီး ကျွန်းလှ-သဖန်းဆိပ်လမ်းကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကျွန်းလှမြို့နယ် ကျီကုန်းကျေးရွာ စုပေါင်း ကြက်ဆူပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။ အစီအစဉ်အရ တိုင်းမှူးနှင့် ဝန်ကြီးတို့က ခြံစည်းရိုး ကြက်ဆူပင်များကို စိုက်ပျိုးပေးကြပြီး မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ၏ စုပေါင်းကြက်ဆူပင် စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကျွန်းလှမြို့နယ် ရှမ်းစုကျေးရွာအုပ်စု တပ်ကုန်းကျေးရွာအနီး ကျင်းပသည့် ကျွန်းလှ- သဖန်းဆိပ်ကျောက်ချောလမ်း (ကျွန်းလှဘက်ခြမ်း) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။ အစီအစဉ်အရ လမ်းဖောက်လုပ်ရေး တာဝန်ခံ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်စိန်က ကျောက်ချောလမ်း ပြုပြင်ဖောက်လုပ်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒေသခံ ပြည်သူတစ်ဦးက လမ်းဖောက်လုပ်ခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် လုပ်ငန်းရှင် ဦးတင်မောင်တို့က လမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးက ကျွန်းလှ-သဖန်းဆိပ်လမ်း ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့က လမ်းဖွင့်ပွဲ အထိမ်းအမှတ်သစ်ပင်များကို စိုက်ပျိုးပေးကြပြီး လမ်းကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ကျွန်းလှ-သဖန်းဆိပ်လမ်းမှာ ယခင်က ကျွန်းလှမြို့ဟောင်းနှင့် သစ်ရာပင်ကျေးရွာကို ဆက်သွယ်သော အမာခံကျောက်ခင်းလမ်းဖြစ်ပြီး လမ်းအရှည် ၉ ဒသမ ၆ မိုင် မှ ၇ ဒသမ ၅ မိုင်ကို ကျောက်ချောလမ်းအဖြစ် ၂၀၀၆ ခုနှစ် ဧပြီ ၁၂ ရက်တွင် ပြုပြင်ဖောက်လုပ်ပြီးစီးသည်။ လမ်းအကျယ် ၁၂ ပေဖြစ်ပြီး လုပ်ငန်းရှင် ဦးတင်မောင်နှင့် ဒေသခံပြည်သူများက ထည့်ဝင်ငွေကျပ် စုစုပေါင်း ၁၃၇ သိန်း ကုန်ကျခဲ့သည်။

(သတင်းစဉ်)

## စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ကန့်ဘလူမြို့ စက်ချုပ်သင်တန်းဖွင့်လှစ်မှု ကြည့်ရှုအားပေး

**နေပြည်တော် မေ ၁၃**

စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက၊ စစ်ကိုင်းတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး ဒေါ်ဝေဝေခိုင်သည် အဖွဲ့ဝင်များလိုက်ပါလျက် မေ၇ရက်နံနက်ပိုင်းက ကန့်ဘလူမြို့ အမှတ် (၃)ရပ်ကွက် ညောင်အိုင်ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းသို့ရောက်ရှိပြီး ကန့်ဘလူမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် မိသားစုဝင်ငွေတိုးရေး စက်ချုပ်သင်တန်း အမှတ်စဉ် (၁/၂၀၀၆)သို့ လှည့်လည်ကြည့်ရှုအားပေးသည်။

### ပူဇော်ကန်တော့

ဆက်လက်၍ တိုင်းမှူး၏ ဇနီးသည် အဆိုပါကျောင်းခန်းမ၌ ကျင်းပသည့် သက်ကြီးပူဇော်ပွဲသို့ လည်းကောင်း၊ ကန့်ဘလူမြို့နယ် ဆိတ်ဖူးမြောင်ကျေးရွာ ရပ်ရွာပညာပဒေသာဌာန၌ ကျင်းပသည့် သက်ကြီးပူဇော်ပွဲသို့ လည်းကောင်း တက်ရောက်၍ အဘိုးအဘွားများအား လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ခဲ့ကြသည်။ (သတင်းစဉ်)

## ယနေ့ မိုးလေဝသ

**(၁၄-၅-၂၀၀၆)**

နေပြည်တော်

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။**

ရန်ကုန်

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

မန္တလေး

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။**

**အလုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်းမြို့နယ်လုံးဆိုင်ရာ အတုလာဓိပတိ မဟာမုနိသကျ ကိုးထပ်ကြီးဘုရားကြီး၏ (၁၃)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲတော်ကို ကဆုန်လပြည့် (ဗုဒ္ဓနေ့)က ဘုရားရင်ပြင်တော်ပေါ်ရှိ ဗောဓိညောင်ပင်တွင်ပြုလုပ်ရာ ဂေါပကအဖွဲ့ဝင်များနှင့် ပြည်သူများ ရေစင်သွန်းလောင်းကြစဉ်။** (ဝ၄)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁၄-၅-၂၀၀၆ (တနင်္ဂနွေနေ့)**

### နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- **၇:၁၅** ၄။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၆။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ ဆရာတော်ဦးဃောသိတ တရားတော် -ရုပ်နာမ်ခွဲပညတ်ပရမတ်ခွဲ
- **၉:၁၀** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၉:၁၁** ၁၂။ ပြီးပါပြီ။

### နေ့လယ်ပိုင်း

- **၁၂:၀၀** ၁။ မြဝတီအဖွင့်
- **၁၂:၀၅** ၂။ အဖွင့်သီချင်း
- **၁၂:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၁၂:၁၅** ၄။ မြန်မာ့ရှုခင်း
- **၁၂:၃၅** ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- **၁၂:၅၀** ၆။ **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် အိမ်အပြန်**
- **၁:၅၀** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၁:၅၉** ၈။ အပိတ်နှုတ်ဆက်စကား
- **၂:၀၀** ၉။ ပြီးပါပြီ။

### ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- **၄:၂၅** ၄။ မျိုးချစ်တပ်မတော်
- **၄:၄၅** ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- **၅:၀၀** ၆။ အမေးကမ္ဘာတွေးစရာ
- **၆:၀၀** ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၈။ နိုင်ငံတကာသတင်း
- **၆:၂၀** ၉။ မိုးလေဝသသတင်း
- **၆:၂၅** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၃၀** ၁၁။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
- **၆:၄၀** ၁၂။ မျှော်လင့်စောင့်စား ဂျာမနီကမ္ဘာ့ဖလား
- **၆:၅၀** ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း – မြက်ခင်းစိမ်းနဲ့အိမ်ကလေး (အပိုင်း-၂၅)**
- **၈:၀၀** ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ ကျန်းမာသုတ
- ၁၈။ ပဟေဠိနန်းတော်
- ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း – ပါရမီရှင်သိုင်းလုလင် (အပိုင်း-၃၉)**
- ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။

▲ **ရှေ့ဖုံးမှ**

ဒုံသမိ လျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် သထုံမြို့နယ် ဈေးမသွယ်ကျေးရွာတွင် တည်ရှိပြီး ဒုံသမိမြစ်မှ မြစ်ရေကို ရေပေါ်ရေတင်စနစ်ဖြင့် စိုက်ပျိုးမြေဧက ၃၃၀၀၀ ကို စိုက်ပျိုးရေပေးဝေမည်ဖြစ်ပြီး နွေစပါးသီးထပ်နှင့် စားဖိုဆောင်သီးနှံများကိုပါ အကျိုးပြု စိုက်ပျိုးသွားမည်ဖြစ်သည်။ (သတင်းစဉ်)

**မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် သထုံမြို့နယ် ဈေးမသွယ်ကျေးရွာ ခြံစည်းရိုးကြက်ဆူပင် ပျိုးဥယျာဉ်ကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# ၂၀၀၆ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနား ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမတွင်ကျင်းပ

နေပြည်တော် မေ ၁၃

**၂၀၀၆ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် အခမ်းအနားကို မေ ၈ ရက် နံနက် ၁၀ နာရီက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းမှူး၏ ဇနီး ဒေါ်နုနုဆွေ၊ မြစ်ကြီးနားလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇော်ထွန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာအလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

### အမှာစကားပြောကြား

အစီအစဉ်အရ ရှေးဦးစွာ အခမ်းအနားကို နွှေးရာသီ ကြက်ခြေနီ သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများက "မြင့်မြတ်ဂုဏ်ရည် ကြက်ခြေနီ" တေးသီချင်းဖြင့် စုပေါင်းသီဆို ဖွင့်လှစ်ပြီးနောက် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာမောင်မောင်မြင့်က ကမ္ဘာ့ကြက်ခြေနီနေ့အကြောင်း သိကောင်းစရာများကို ဟောပြောပြီး ကချင်ပြည်နယ် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီသို့ အလှူငွေများ ပေးအပ်လှူဒါန်းကြရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ငွေကျပ် ငါးသိန်း၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ငွေကျပ် ငါးသိန်း၊ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်ရေးအဖွဲ့နှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့တို့မှ ငွေကျပ် တစ်သိန်းစီ၊ မြစ်ကြီးနားမြို့ပေါ်ရှိ မော်တော်ယာဉ်အသင်းများမှ ငွေကျပ် သုံးသိန်း၊ သစ်စက်လုပ်ငန်းရှင်များ၊ တည်းခိုခန်းလုပ်ငန်းရှင် ဦးချစ်ဆွေ၊ တောင်သုံးလုံးဆေးတိုက်၊ အလှတစ်ရာဆေးတိုက်နှင့် နဂါးနှစ်ကောင်ဟိုတယ်တို့မှ ငွေကျပ် တစ်သိန်းစီ စုစုပေါင်းငွေကျပ် သိန်း ၂၀ ကို အသီးသီး ပေးအပ်လှူဒါန်းကြရာ ပြည်နယ် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့်နှင့် တာဝန်ရှိသူများက လက်ခံရယူ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### လှည့်လည်ကြည့်ရှု

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့်ဇနီး၊ တက်ရောက်လာကြသူများက ခန်းမအတွင်း ခင်းကျင်းပြထားသည့် ပြည်နယ်ကြက်ခြေနီအသင်း လူမှုရေးဆောင်ရွက်မှုမှတ်တမ်း ဓာတ်ပုံများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြသည်။ (သတင်းစဉ်)

❖ **ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ**

ဆုရရှိသူများအားလည်းကောင်း ဆုများ အသီးသီးပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် ဇနီး၊ တက်ရောက်လာကြသူများသည် ခန်းမဆောင်ရှေ့၌ ခင်းကျင်းပြသထားသည့် လူထုအတွင်း ကျန်းမာရေးအသိပညာပေးခြင်းဆိုင်ရာ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ ဆုရ စာစီစာကုံးများ၊ ကြက်ခြေနီသတင်းလွှာနှင့် ပညာပေး လက်ကမ်းစာစောင်များကို လှည့်လည်ကြည့်ရှုကြပြီးနောက် ကြက်ခြေနီတပ်ဖွဲ့ဝင် လူငယ်မောင်မယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့သည်။ (သတင်းစဉ်)

# ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းရှိ လူငယ်သင်တန်းကျောင်းများနှင့် အိမ်တွင်းမှုသင်တန်းကျောင်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၃

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၂၈ ရက်တွင် ချင်းပြည်နယ် တီးတိန်မြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ရောက်ရှိရာ ကျောင်းခန်းမ၌ ကျောင်းအုပ် ဦးအောင်မြင့်က ကျောင်းနှင့်စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဌေးအောင်က ဖြည့်စွက်ရှင်းလင်းတင်ပြ၍ ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားကာ ကျောင်းဝင်းအတွင်း ကြည့်ရှုစစ်ဆေးသည်။**

### ရှင်းလင်းတင်ပြ

ဆက်လက်၍ ဒုတိယဝန်ကြီးသည် တီးတိန်မြို့ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းသို့ ရောက်ရှိရာ ကျောင်းအုပ် ဒေါ်အေးမေက ကျောင်းနှင့် သက်ဆိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြား၍ သင်တန်းသူများ ချုပ်လုပ်ခဲ့သည့် အထည်များနှင့် ကျောင်းဝင်းအတွင်း ကြည့်ရှုစစ်ဆေးသည်။

### မှာကြား

ဒုတိယဝန်ကြီးသည် ဧပြီ ၂၉ရက်တွင် ဟားခါးမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းသို့ ရောက်ရှိရာ ကျောင်းအုပ် ဦးအောင်ကျော်ဇံက ကျောင်း၏ သမိုင်းကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြား၍ ကျောင်းဝင်းအတွင်း လေရဟတ်ဖြင့် လျှပ်စစ်ထုတ်လုပ် အသုံးပြုနေမှုနှင့် ကျောင်းသားများ၏ စားရိပ်သာနှင့် အိပ်ဆောင်များကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဟားခါးမြို့ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းသို့ ရောက်ရှိရာ ခေတ္တကျောင်းအုပ် ဒေါ်ဒါရှိသန်းက သင်တန်းကျောင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

### ဝန်ထမ်းအိမ်ရာ

ဒုတိယဝန်ကြီးသည် ဧပြီ ၃၀ရက်တွင် ဖလမ်းမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းသို့ ရောက်ရှိရာ ကျောင်းအုပ် ဦးဆန်းထွန်းလင်းက ကျောင်းနှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားကာ ကျောင်းဝင်းအတွင်း တည်ဆောက်ပြီးစီးခဲ့သည့် ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

### ဖြည့်ဆည်း

ထို့နောက် ဝန်ကြီးသည် ဖလမ်းမြို့ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းသို့ ရောက်ရှိရာ ကျောင်းအုပ် ဒေါ်သီဂီကျော်က ကျောင်းနှင့်စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားကာ ကျောင်းဝင်းအတွင်း ဆောက်လုပ်လျက်ရှိသည့် နှစ်ထပ်အိပ်ဆောင်နှင့် စားရိပ်သာတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဒုတိယဝန်ကြီးသည် မေ ၁ ရက်တွင် စစ်ကိုင်းတိုင်း ကလေးမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိရာ ကျောင်းအုပ် ဦးအေးမောင်က လုပ်ငန်းပိုင်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားကာ ကျောင်းသားအိပ်ဆောင်ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကျောင်းဝင်းအတွင်း စားရိပ်သာနှင့် မီးဖိုဆောင် တည်ဆောက်သည့်နေရာသို့ ရောက်ရှိပြီး သတ်မှတ်စံချိန်စံညွှန်းပြည့်မီအောင် တည်ဆောက်ရန် မှာကြားကာ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

## ဝမ်းလျှောဝမ်းပျက်ရောဂါကာကွယ်ရေး နှိုးဆော်ချက်

မိုးဦးကျကာလသည် ဝမ်းလျှောဝမ်းပျက်ရောဂါ အဖြစ်များသော ကာလဖြစ်ပါသည်။ မိုးဦးကျချိန်တွင် သောက်သုံးရေထဲသို့ ညစ်ညမ်းသောရေနှင့် ရောဂါပိုးများဝင်ရောက်ကာ ကူးစက်ရောဂါများ ဖြစ်စေပါသည်။ အစားအစာများ ပုပ်သိုးလွယ်သဖြင့် အစာဝမ်းသွားတတ်သော ကာလဖြစ်ပါသည်။ ယင်ကောင်များ ပေါက်ပွားပေါများသောကာလဖြစ်၍ ယင်မှတစ်ဆင့် အစားအစာများ၌ ရောဂါပိုးများ ကူးစက်စေပါသည်။

သို့ဖြစ်ပါ၍ မိုးဦးကျချိန်တွင် ဝမ်းလျှောဝမ်းပျက်ရောဂါများမှ ကာကွယ်ရန်-

(၁) ရေကိုကျိုချက်၍ သောက်ပါ။ အထူးသဖြင့် ကလေးငယ်များကို ရေကျက်အေးတိုက်ပါ။

(၂) ရေတွင်းရေကန်စသည့် ရေထွက်ပင်ရင်းများထဲသို့ ညစ်ညမ်းသောရေနှင့် အမှိုက်သရိုက်များ မဝင်ရောက်နိုင်ရန် ကာကွယ်ပါ။

(၃) သန့်ရှင်းလတ်ဆတ်သောအစာများကို စားပါ။

(၄) အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ကာကွယ်ထားပါ။

(၅) အစားအစာများထဲသို့ လက်မှတစ်ဆင့် ရောဂါပိုးများမဝင်နိုင်ရန် အစာကိုင်သောလက်ကို ဆပ်ပြာဖြင့် စင်စင်ဆေးပါ။

(၆) အိမ်သာမှအထွက် လက်ကို ဆပ်ပြာဖြင့် စင်စင်ဆေးပါ။

ဤသို့ ကာကွယ်လျက်မှဝမ်းလျှောဝမ်းပျက်ဖြစ်လာခဲ့လျှင်-

(၁) ဓာတ်ဆားရည်ကို အညွှန်းအတိုင်း အတိအကျ ဖျော်တိုက်ပါ။

(၂) ဆေးရုံဆေးခန်းများသို့ အမြန်ဆုံးပြသပါ။

(၃) မိမိမှတစ်ဆင့် အခြားသူများသို့ ရောဂါမကူးစက်ရန် ကာကွယ်ပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

## မော်တော်ကားမှန်များတွင်စတစ်ကာကပ်ပါက ထိရောက်စွာ အရေးယူမည်

**ရန်ကုန်တိုင်းအတွင်း မော်တော်ယာဉ်များတွင် ကားမှန်များအား စတစ်ကာကပ်ခြင်း၊ လေစုပ်ခွက်ကပ်ခြင်း၊ လိုက်ကာများ ကာရံခြင်းဖြင့် အကာအကွယ်ယူ၍ ဒုစရိုက်မှုများ ကျူးလွန်ခြင်းများ ဖြစ်ပေါ်လျက်ရှိသဖြင့် ၁၉၉၈ ခုနှစ် ဧပြီလမှစ၍ ထိရောက်သော ဒဏ်ငွေများသတ်မှတ်ပြီး အရေးယူခြင်းများ ဆောင်ရွက်ခဲ့သဖြင့် စတစ်ကာကပ်ခြင်းများ ရပ်တန့်သွားခဲ့ပါသည်။ သို့သော် ယခုအခါ အချို့ယာဉ်များသည် မှုခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကို လျစ်လျူရှု၍ စတေကာများ၊ လေစုပ်ခွက်များ၊ လိုက်ကာများ ပြန်လည်တပ်ဆင်ကာ စည်းကမ်းချိုးဖောက်လျက်ရှိကြောင်း တွေ့ရှိနေရပါသည်။**

**သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းအတွင်း စတစ်ကာများ၊ လေစုပ်ခွက်များနှင့် လိုက်ကာများ ကာရံခြင်းများ ပြုလုပ်မောင်းနှင်လျက်ရှိသည့် မော်တော်ယာဉ်များအား ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နှိုးဆော်အပ်ပါသည်။**

**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## ✳ တိုင်းမှူးမှ

ထို့နောက် တိုင်းမှူးသည် သိန်းနီမြို့၊ တံတားဦးတွင်းရှိ ဆင်းရွှေလီနွေစပါး စံပြစိုက်ခင်းနှင့် အမှတ်(၁)ရပ်ကွက် ဆင်းရွှေလီအထူးအထွက်တိုးစပ်မျိုးစပါး စံပြ ၁၀ ဧက စိုက်ခင်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် သိန်းနီမြို့နယ် စယ်အူကျေးရွာ ကျေးလက်မီးလင်းရေး ၁၁ ကေဗွီ ရေအားလျှပ်စစ် ဓာတ်အားလိုင်းဖွင့်ပွဲသို့ တက်ရောက်အားပေးရာ အစီအစဉ်အရ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပြည်နယ်အင်ဂျင်နီယာ ဦးအယ်လ်ဇော်ဆမ်က ကျေးလက်မီးလင်းရေး ၁၁ ကေဗွီ ရေအားလျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး လားရှိုးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးခွန်ဆေးက ဒေသခံ ပြည်သူများကိုယ်စား ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးစိုင်းနော်ခမ်းဦး၊ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအယ်လ်ဇော်ဆမ်၊ ဒေသခံတိုင်းရင်းသားအဖွဲ့မှ ဦးကန်နနှင့် အငြိမ်းစား ကျောင်းအုပ်ဆရာကြီး ဦးစိုင်းကျော်မြင့်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က လျှပ်စစ်ဓာတ်အားလိုင်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းမှူးသည် သိန်းနီမြို့နယ်၊ ကွန်ကောက်ကျေးရွာမှ လေးမိုင်အကွာရှိ ကျေးလက်မီးလင်းရေး ရေအားလျှပ်စစ်စက်ရုံ အခြေအနေနှင့် စယ်အူ-ကွန်ကောက် လျှပ်စစ်ဓာတ်အားလိုင်း သွယ်ယူခြင်းလုပ်ငန်းအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

### တက်ရောက်အားပေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် သိန်းနီမြို့နယ် စယ်အူကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသော သိန်းနီမြို့နယ် စယ်အူ၊ ကွန်ကောက်နှင့် နမ့်စလပ်ကျေးရွာများအတွက် ရုပ်မြင်သံကြားစက်၊ ရေဒီယို၊ စာအုပ်စာစောင်၊ မဂ္ဂဇင်းများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်အားပေး အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူးက နိုင်ငံတော်မှ ထောက်ပံ့ငွေကျပ် ၁၂၅ သိန်းကို ပေးအပ်ရာ ဒေသခံတိုင်းရင်းသားအဖွဲ့မှ ဦးကန်နက လက်ခံရယူသည်။

ဆက်လက်၍ ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်ရွှေက သိန်းနီမြို့နယ်၊ စယ်အူ၊ ကွန်ကောက်နှင့် နမ့်စလပ်ကျေးရွာများရှိ ကျေးရွာစာကြည့်တိုက်များအတွက် ရုပ်မြင်သံကြားစက်၊ ရေဒီယို၊ စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက လက်ခံရယူပြီး ဒေသခံပြည်သူများကိုယ်စား ပြည်နယ်အသင်းအတွင်းရေးမှူး ဦးစိုင်းနော်ခမ်းဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် တိုင်းမှူးသည် ကျောင်းစာကြည့်တိုက်အတွင်း စာအုပ်စာစောင်များ ခင်းကျင်းပြသ စုဆောင်းထားရှိမှုကို ကြည့်ရှု၍ စာအုပ်စာစောင်များ ဖတ်ရှုလေ့လာနေကြသော ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် စယ်အူကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲအတွင်း စာသင်ဆောင်များ၊ စာသင်ခန်းများနှင့် ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ကျောင်းပရဝဏ်စိမ်းလန်းသာယာလှပရေးအတွက် နှစ်ရှည်ပင်များ၊ အရိပ်ရပင်များ၊ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးဆောင်ရွက်ရေး မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် သိန်းနီမြို့နယ် စယ်အူကျေးရွာအနီး နမ့်မှုင်ချောင်း မျှောရိုက်ကျောက်ဖြည့်ဆည်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

### မှာကြားဖြည့်ဆည်း

ယင်းနောက် တိုင်းမှူးသည် မန်မော်ဒေသရှိ တိုင်းစစ်ဌာနချုပ်၏ ဘိန်းအစားထိုးသီးနှံ မျိုးစေ့ထုတ်ပြောင်း၊ နေကြာ၊ ပဲစင်းငုံ၊ ကြံစိုက်ပျိုးရေးနှင့် ပျားမွေးမြူရေး စံပြဧက ၅၀၀ သို့ ရောက်ရှိကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်တွင် တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး နေလင်းအောင်က လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြ၍ တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးသည် စိုက်ခင်းအတွင်း အထွက်ကောင်းကြံပင်များ ဖြစ်ထွန်းအောင်မြင်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ စိုက်ခင်းတာဝန်ခံအား လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့သည်။ (သတင်းစဉ်)

## ❃ ဆီးချိုသွေးချိုမှ

ရှိသော အစားအစာများကို ဆီးချိုသမားအတွက် အလယ်အလတ်အဆင့် ဒုက္ခပေးနိုင်သော အစားအစာအဖြစ် သတ်မှတ်ထားပြီး ဂျီအိုင်တန်ဖိုး ၇၀ အထက်ရှိသော အစားအစာကို သွေးချိုဆီးချို များစွာတက်စေနိုင်သော အစားအစာအဖြစ် လက်ခံထားသည်။

### ပြောင်းလဲသွားနိုင်

ယေဘုယျအားဖြင့် အစားအစာများ၏ ဂျီအိုင်တန်ဖိုးများကိုဖော်ပြပါအတိုင်း ခွဲခြားထားနိုင်သည်မှန်၏။ သို့ရာတွင် အစားအစာ၏အမျိုးအစား၊ ရင့်မှည့်မှုအခြေအနေ၊ ချက်ပြုတ်ပုံချက်ပြုတ်နည်းကို လိုက်၍လည်း အစားအစာတစ်မျိုး၏ ဂျီအိုင်တန်ဖိုး အနည်းအများ ပြောင်းလဲသွားနိုင်သည်။

ဥပမာဆိုရပါက မုန်လာဥနီ၏ ဂျီအိုင်တန်ဖိုးသည် စိမ်းနေသော အခြေအနေတွင် တစ်မျိုးရှိပြီး ချက်ပြုတ်ပြီးသောအခါ တန်ဖိုးတစ်မျိုးဖြစ်သွားနိုင်သည်။ ယင်း၏ ဂျီအိုင်တန်ဖိုးမှ အခြေအနေကို လိုက်၍ အနည်းဆုံး ၄၂ မှ အများဆုံး ၁၀၁ အထိ ရှိနိုင်သည်။ ထိုနည်းတူစွာပင် သကြားပြောင်း၏ တန်ဖိုးမှာ ၃၇ မှ ၇၈ အတွင်း ရှိနိုင်ပြီး ရွှေဖရုံသီး တန်ဖိုးမှာ ဂျီအိုင် ၇၅ အထိ ရှိနိုင်သည်။

ဆန်၏ ဂျီအိုင်တန်ဖိုးသည် ၅၄ မှ ၁၃၂ အတွင်းရှိပြီး အာလူး၏တန်ဖိုးမှာ ၆၇ မှ ၁၅၈ အထိ ရှိသည်။ များသောအားဖြင့် ဆန်နှင့် ဆန်လုံးညိုတို့မှာ ဂျီအိုင်တန်ဖိုး နိမ့်ကျသည့်အပြင် အမျှင်ဓာတ်လည်း များစွာပါရှိသည်။ ကောက်ညှင်းဆန်မှာမူ ဂျီအိုင်တန်ဖိုးမြင့်သော အစားအစာဖြစ်သည်။ အာလူးကို ဖုတ်၍စားပါက ဂျီအိုင်တန်ဖိုး မြင့်တက်သွားပြီး ပြုတ်၍ စားပါက ဂျီအိုင်တန်ဖိုး နည်းသွားသည်။

တစ်ဖန် အစားအစာများကို စားသုံးကြရာ၌ လူပုဂ္ဂိုလ်၏ အခြေအနေကို လိုက်၍လည်း သွေးချိုအတက်အကျ တုံ့ပြန်မှု ကွာခြားတတ်သည်။ သို့ဖြစ်၍ အစာစားပြီးလျှင် သွေးချိုမည်မျှတက်သည့် တိုင်းတာ မှတ်သားထားခြင်းဖြင့် မိမိအတွက် မည်သည့်အစားအစာက ပို၍ ဒုက္ခပေးနိုင်သည်ကို လေ့လာထားနိုင်သည်ဟု ဆိုသည်။

### အထောက်အကူပြု

ထို့အပြင် အစားအသောက်သုံးဆောင်ရာ၌ တိရစ္ဆာန်အဆီများများစားသည်ကို ရှောင်ခြင်း၊ မာဂျရင်း အဆီများ စားသုံးမှု ဆင်ခြင်ခြင်းများကိုလည်း ပြုလုပ်သင့်သည်ဟု ဆိုသည်။ အခြားတစ်ဖက်တွင်လည်း အမျှင်ဓာတ်များစွာပါသော ကောက်နှံများ၊ ပဲမျိုးများနှင့် အသီးအနှံများကို များများ စားသုံးသင့်ကြောင်း သိရသည်။ ဖော်ပြပါ အချက်အလက်များကို လိုက်နာခြင်းအပြင် ပုံမှန်ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းပြုလုပ်ပေးခြင်းသည်လည်း လူတစ်ဦး၏ ကျန်းမာရေးကို များစွာအထောက်အကူပြုစေနိုင်မည်ဖြစ်သည်။

ဂျီအိုင်တန်းဖိုး ၅၅ အောက်နည်းပါးသော အစားအစာများတွင် ပဲပိစပ်၊ ပဲအမျိုးမျိုး၊ ဂရိတ်ဖရု၊ ဗိုလ်စားပဲ၊ သစ်တော်သီး၊ ပန်းသီးနှင့် ဝဍ စသည်တို့ ပါဝင်သည်။

ဂျီအိုင်တန်ဖိုး အလယ်အလတ်တန်းရှိသော အစားအစာများတွင် ဆန်ခေါက်ဆွဲ၊ လိမ္မော်သီး၊ စပျစ်၊ ငှက်ပျော၊ သဘော်၊ သရက်နှင့် ပြုတ်ဆန်များ ပါဝင်သည်။

ဂျီအိုင်တန်ဖိုးမြင့်သော အစားအစာများတွင် ဂျုံမှုန့်၊ ရွှေဖရုံ၊ ကန်စွန်းဥ၊ မုယောစပါးဖွဲ၊ သကြားပြောင်း၊ ဆန်ဖြူ၊ စပျစ်သီးခြောက်၊ သကြားမုန်လာ၊ နာနတ်သီး၊ ကောက်ညှင်းဆန်၊ အာလူးကြော်၊ ဖရဲသီး စသည်တို့ ပါဝင်သည်။

**အင်တာနက်**

**ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေထံ ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စောရွှေက မှော်ဘီမြို့နယ် အတွင်းမှ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင် အဆိုပြုလွှာများကို ပေးအပ်စဉ်။** (သတင်းစဉ်)

## မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲနှင့် ကိုယ်ဝန်ဆောင် မိခင်များအား ထောက်ပံ့ငွေပေးအပ်ပွဲ မှော်ဘီ၌ကျင်းပ

**ရန်ကုန် မေ ၁၃**

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် မှော်ဘီမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ တွေ့ဆုံပွဲ အခမ်းအနားနှင့် အသင်းဝင်အဆိုပြုလွှာ ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာလှမြင့်က ၂၀၀၆ ခုနှစ်အတွက် ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်နွယ်နီအုန်းက ၂၀၀၅-၂၀၀၆ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် အသင်း၏ လှုပ်ရှားမှုများနှင့်ပတ်သက်၍ သုံးသပ်ချက်ကိုလည်းကောင်း၊ မှော်ဘီမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နုနုဝေက အသင်း၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စောရွှေက မှော်ဘီမြို့နယ်အတွင်းမှ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင် အဆိုပြုလွှာများကို ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေထံ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် ဧည့်သည်တော်များသည် မှော်ဘီမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ သားဖွားခန်းနှင့် နေ့ကလေးထိန်းကျောင်းတို့ကို ဝင်ရောက်ကြည့်ရှုကြပြီး ကိုယ်ဝန်ဆောင် မိခင်များအား ထောက်ပံ့ငွေများ ပေးအပ်ကာ ရင်သွေးငယ်ကလေးများအား စားစရာမုန့်များ ဝေငှပေးခဲ့သည်။

(သတင်းစဉ်)

## ● ရွှေကျည်ဆန်မှ

နိုင်ဝင်းက နေဝင်းအောင်၏ လက်သီးအသွားအလာကို ချိန်ဆပြီး ခါးဖက်ဝင်ချုပ်ကာ ပစ်လှဲခြင်း၊ ခနဲ့ဒူး သဲ့ဒူးများ သုံးခြင်းတို့ကြောင့် နေစိုးအောင် အားပျော့လာသည်။ အပူးအချုပ်တွင် လုပ်တတ်ကိုင်တတ်ရှိသော နိုင်ဝင်းကို နေစိုးအောင်၏ လက်သီးများ ထိသော်လည်း အားမပါသောကြောင့် ပွဲမဖြတ်နိုင်ဘဲ ငါးချီအပြီးတွင် အမှတ်ပေးဒိုင် ငါးဦးအနက် လေးဦး၏ ထောက်ခံချက်ဖြင့် နိုင်ဝင်း အနိုင်ရကာ ဗိုလ်လုပွဲတက်သွားသည်။

၎င်းဝိတ်တန်း ပွဲစဉ် (၁၈)တွင် စောသဲဝေ (တွံတေး)နှင့် မိုးသီး (မြန်မာပြည်သား)တို့ ယှဉ်ပြိုင်ကြသည်။ မိုးသီးငယ်နုစဉ် သားစစ်နိုင်ဘဝက နိုင်ပွဲရခဲ့ဖူးသော စောသဲဝေက ထိလျှင်ကျရမည်ဟူသော ယုံကြည်ချက်ဖြင့် လက်သီးအပိုင်ထိုးသော်လည်း ပညာရင့်နေသော မိုးသီးက ရှောင်၍ ထောက်လက်သီး၊ ဝိုက်လက်သီး၊ ဖြတ်လက်သီးများ တွင်တွင်သုံးသည်။ လုံးမိသွားလျှင်လည်း ဆွဲကပ်၊ တွန်းထိုး ချုပ်ဖိ ကိုင်ပေါက်သဖြင့် စောသဲဝေ အခြေမလှဖြစ်လာသည်။ ပဉ္စမအချီတွင် မိုးသီး၏ ခြေစောင်းကန်ချက်က စောသဲဝေ ရင်ဝကို မိမိရရ ထိပြီးနောက် ညာဖြောင့်လက်သီးတစ်ချက်ကြောင့် ၂၄ စက္ကန့်အတွင်း စောသဲဝေ စင်ပေါ်မှ ဆင်းရတော့သည်။

ထို့ကြောင့် လာမည့် မေ ၂၁ ရက်နေ့ ဗိုလ်လုပွဲ၌ နိုင်ဝင်းနှင့် မိုးသီးတို့ တွေ့ကြမည်ဖြစ်သည်။

ပွဲစဉ် (၁၉) ၅၁ ကီလို ဖလိုင်းဝိတ်တန်း၌ အောင်မြင့်စိန် (တွံတေး) သည် ရွှေကျည်ဆန်(ဘီလပ်မြေစက်ရုံ)၏ နာမည်နှင့်လိုက်အောင် ပြင်းထန်လျင်မြန်သော ဘယ်ခြေကန်ချက် ညာနံနုထိကာ ပထမအချီ ၁၇ မိနစ်တွင် ရှုံးနိမ့်သွားသည်။ ၎င်းဝိတ်တန်း၌ပင် ပွဲစဉ် (၂၀)အဖြစ် ထစ်ချုန်း (KLN)နှင့် ဇာဏီမင်း (မြွေဟောက်မင်း)တို့ ယှဉ်ပြိုင်ကြသည်။ ပွဲအစတွင် ဇာဏီမင်းက အားကုန်ထုတ် တိုက်စစ်ဆင်သော်လည်း ထစ်ချုန်းက လှည့်ပတ်ရှောင်တိမ်းခြင်း၊ ပိတ်ဆို့ကာကွယ်ခြင်းများဖြင့် ဇာဏီမင်းကို အားပြုန်းစေသည်။

ဒုတိယအချီမှစကာ ထစ်ချုန်းက မသိမသာတိုက်စစ်ဖွင့်ရင်း အားကိုအားချင်းပြိုင်သောအခါ ဇာဏီမင်း မခံသာ မကြာခဏ လဲပြိုကျနေသည်။ တတိယအချီ ၂ မိနစ် ၉ စက္ကန့်တွင် ဇာဏီမင်း၏ အကူလူများက အခြေမလှတော့သည်ကို ရိပ်မိ၍ ကြိုးတန်းပေါ်သို့ ပဝါပစ်တင်ကာ အရှုံးပေးလိုက်သည်။ ထို့ကြောင့် ဗိုလ်လုပွဲတွင် ထစ်ချုန်းနှင့် ရွှေကျည်ဆန်တို့ တွေ့ကြမည်ဖြစ်သည်။

ပွဲစဉ် (၂၁) ၅၄ကီလိုဘင်တန်ဝိတ်တန်းတွင် သိုးကောင်း (မြန်မာပြည်သား)နှင့် ဒေါနအောင် (ကျွဲမင်း)တို့ ယှဉ်ပြိုင်ကြသည်။ သိုးကောင်းက ဘယ်ခြေကန်၍ လက်သီးကို ဝမ်းတူးပစ်သွင်းသည်။ ဒေါနအောင်က ညာခြေကန်ပြီး ဘယ်ဒူးပစ်သည်။ ဒေါနအောင်အဝင်၌ သိုးကောင်းက ဘယ်တံတောင်ရိုက်ရာ ဒေါနအောင် ညာမျက်လုံးထောင့် ကွဲသွားသော်လည်း ဒဏ်ရာနည်းသဖြင့် ပွဲဆက်စေသည်။ ဒေါနအောင်၏ ချုပ်ဟန်ပြသော လက်ကို အာရုံစိုက်မိလိုက်သော သိုးကောင်းမှာ ဝင်လာသောဘယ်ဒူးကို မကာကွယ်နိုင်ဘဲ ရှိနေသည်။ စောင့်ထိုးသော သိုးကောင်း၏ လက်သီးများက အပိုင်မထိ။ ထိသောလက်သီးများကလည်း အားမပါ၊ ပဉ္စမအချီတွင် ဒေါနအောင်က သိသိသာသာ ဖိလိုက်လာသည်။ နင်းခြေ၊ ပစ်ဒူး၊ ဝမ်းတူး လက်သီးများက အမှတ်ပြည့်ရစေသည်။ အချီပြည့် ယှဉ်ပြိုင်ရပြီး အမှတ်ပေးဒိုင် ငါးဦးစလုံးက ဒေါနအောင်ကို အနိုင်ပေးလိုက်သည်။

ပွဲစဉ်(၂၂) ၎င်းဝိတ်တန်း၌ပင် သားရွှေသွေး (တောင်ကလေး)နှင့် အသဲစွဲ(ဘီလပ်မြေစက်ရုံ)တို့ ယှဉ်ပြိုင်ကြသည်။ တိုက်စစ်သမားအချင်းချင်း အားပြိုင်သောပွဲဖြစ်၍ ပရိသတ်အသည်းခိုက်စေသည်။ အသဲစွဲက ခုန်ပျံခုတ်သည်။ သားရွှေသွေးက ဒူးပစ်ဝင်သည်။ အသဲစွဲက ဘေးခွဲထိုးသည်။ ပစ်ဒူးများကို အသွားအပြန် ဖလှယ်ကြသည်။ သားရွှေသွေးက အကြမ်းပတမ်းဝင်ပူးရာ အသဲစွဲက ဝမ်းတူးဖြင့် တုံ့ပြန်သည်။ အပူးအကပ်တွင် အသဲစွဲ၏ ခေါင်းဆတ်ရိုက်ချက်ကြောင့် သားရွှေသွေး ဘယ်နားရွက်ကွဲကာ သွေးထွက်များသဖြင့် စတုတ္ထအချီ ၄၂ စက္ကန့်၌ နားရွက်ကို အုပ်၍ စင်ပေါ်မှ ခပ်သုတ်သုတ်ဆင်းရလေသည်။ ဒေါနအောင်နှင့်အသဲစွဲတို့ မေ ၂၁ ရက်တွင် ဗိုလ်လုပွဲနွှဲကြမည်ဖြစ်သည်။

ပွဲစဉ် (၂၃) မစ်ဒယ်ဝိတ်တန်း၌ စောသဲအေး(တွံတေး)နှင့် ဘီလပ်မြေစတား (ဘီလပ်မြေစက်ရုံ)တို့ ဆုံတွေ့ကြသည်။ စောသဲအေးက ဝမ်းတူးဖြင့်လိုက်သည်။ ဘီလပ်မြေစတားက ဘယ်ထောက်များဖြင့် တားရင်း ညာထောက်တစ်ချက် သုံးလိုက်ရာ စောသဲအေး အမှတ်စဉ်ရေရသည်။ စောသဲအေး၏ လက်သီးများက အားမပါ၊ ဘီလပ်မြေစတားက နင်းခြေ ဆို့ခြေများလည်း တားသည်။ ဒုတိယအချီ ၁ မိနစ် စက္ကန့် ၃၀ တွင် စတားက ညာဖြတ်လက်သီးတစ်ချက်သုံး၍ စောသဲအေးကို တုံးခနဲ လဲကျစေပြီး ဗိုလ်လုပွဲတက်သွားသည်။

၎င်းဝိတ်တန်း၌ပင် ပွဲစဉ် (၂၄) အဖြစ် စိန်သံမဏိ(အလင်းရောင်)နှင့် ဇာနည်ဆင်ရိုင်း (တောင်ကလေး)တို့ ယှဉ်ပြိုင်ကြသည်။ စိန်သံမဏိက ကျစ်လျစ်သော ကိုယ်ခန္ဓာနှင့် မြင့်မားသော အရပ်ပိုင်ရှင်ဖြစ်သည်။ ဇာနည်ဆင်ရိုင်းက ကိုယ်ထည်ကြီးကာ ဗိုက်အနည်းငယ် ရွှဲနေသဖြင့် ပို၍အရပ်ပုသလို ဖြစ်နေသည်။ စိန်သံမဏိ၏ ညာပတ်ခြေတစ်ချက် ဆင်ရိုင်းဝမ်းဗိုက်ထဲ ဝင်သွားသေးသည်။ ဇာနည်ဆင်ရိုင်းက လှုပ်ရှားမှုနှေးကွေးသည်။ ဤအချက်ကို စိန်သံမဏိက အကွက်ကျကျ မသုံးဘဲ ဝင်လုံးကာ ချုပ်ဒူးတိုက်ဖို့သာ ကြိုးစားနေသည်။ မိမိက အရပ်ရှည်ပါလျက် ခေါင်းတစ်လုံးစာနိမ့်သော ဇာနည်ဆင်ရိုင်း၏မျက်နှာကို ခေါင်းဖြင့်ဆောင့်ရန် ငုံ့ဝင်သည်။ လုံးထွေးပူးသတ်ဖို့ ကြိုးစားသည်။ နည်းဗျူဟာမှားသော စိန်သံမဏိမှာ တတိယအချီ ၂ မိနစ် ၃၁စက္ကန့်တွင် ညာလက်မောင်းရင်း အဆစ်ပြုတ်ကာ အရှုံးပေးလိုက်ရသည်။ ဗိုလ်လုပွဲတွင် ဇာနည်ဆင်ရိုင်းနှင့် ဘီလပ်မြေစတားတို့ တွေ့ကြမည်ဖြစ်သည်။

မေ ၁၄ ရက် (ယနေ့)ပွဲတွင်လည်း အကြိုဗိုလ်လုပွဲများကို မွန်းလွဲ ၂ နာရီ၌ပင် ဆက်လက်ကျင်းပသွားမည်။ (၅၇)ကီလို ဖယ်သာဝိတ်တန်းတွင် ကျော်ဆန်း (KLN)နှင့် မိုက်ခဲ (ကျွဲမင်း)၊ ဘီလပ်မြေမောင်မောင် (ဘီလပ်မြေစက်ရုံ)နှင့် ဒေါနပန်း (ကျွဲမင်း)တို့ ယှဉ်ပြိုင်ကြမည်။ ၆၀ ကီလို လိုက်ဝိတ်တန်းတွင် စောလူမင်း (တောင်ကလေး)နှင့် စောသဲမျိုး (KLN)၊ ဟိန်းညီညီ (အလင်းရောင်)နှင့် ဝင်းထွန်း (လယ်/ဆည်)တို့ တွေ့ကြမည်။ လိုက်ဝယ်လ်တာဝိတ်တန်းတွင် နဂါးလေး(မြွေဟောက်မင်း)နှင့် စောဝီလျံသိန်း (မရမ်းကုန်း)၊ ကြယ်လင်းအောင် (တောင်ကလေး)နှင့် စောဇွဲလေး(KLN)တို့ ယှဉ်ပြိုင်ကြမည်။ ၆၇ ကီလို ဝယ်လ်တာဝိတ်တန်းတွင် ရန်ကြီးအောင် (အလင်းရောင်)နှင့် ထွန်းထွန်း (၉၀၇ ဒေါနခြေလှမ်းသစ်)၊ သူရရဲအောင်(မြန်မာပြည်သား)နှင့် တာတိုးဝါး(ဘီလပ်မြေစက်ရုံ)တို့ ရင်ဆိုင်ကြမည်။ ကွာတားဖိုင်နယ်အဆင့်သို့ လက်ရည်မြင့်မြင့်ဖြင့် ကျော်ဖြတ်လာကြသူချင်း တွေ့ကြမည့်ပွဲဖြစ်၍ ရိုးရာလက်ဝှေ့ချစ်ပရိသတ်များ အသည်းတထိတ်ထိတ် ရင်တဖိုဖိုဖြင့် ရှုစားကြရမည့်ပွဲများဖြစ်သည်။ (ကြေးမုံ)

# ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ ညောင်ရွှေမြို့နယ်၌ အဖွဲ့ဝင်များနှင့်တွေ့ဆုံဆွေးနွေး

နေပြည်တော် မေ ၁၃

**ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက၊ ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်ငွေသည် အဖွဲ့ဝင်များနှင့်အတူ မေ ၇ ရက် နံနက်ပိုင်းက ညောင်ရွှေမြို့နယ် အင်းလေးဒေသရှိ ခေါင်တိုင်ကျေးရွာ ပရိယတ္တိဝိဇ္ဇာလယစာသင်တိုက်သို့သွားရောက်၍ ဆရာတော် မဟာဂန္ထဝါစက ဘဒ္ဒန္တ အဂ္ဂဝံသအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။**

ထို့နောက် အဖွဲ့ဝင်များသည် ဓမ္မာရုံ၌ ခေါင်တိုင်ကျေးရွာရှိ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ ဒေသခံ ပြည်သူများအား တွေ့ဆုံ၍ စကားဝိုင်း ဖွဲ့ကာ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းတို့၏ လုပ်ငန်းဆောင်ရွက်နေမှု များနှင့် ကျန်းမာရေးဆိုင်ရာ သိကောင်း စရာများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ယင်းနောက် အဖွဲ့ဝင်များသည် ခေါင်တိုင်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၊ ရပ်ရွာပညာပဒေသာ ဌာနသို့သွားရောက်၍ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့တို့ ပူးပေါင်း၍ စာကြည့်တိုက် အတွက် စာအုပ်မျိုးစုံနှင့် ကျန်းမာရေး ပညာပေး လက်ကမ်းစာစောင်များ ပေးအပ်လှူဒါန်းကြပြီး ခေါင်တိုင် ကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက် ရေးအသင်းခွဲ၏ သားဖွားခန်းသို့လည်း ကောင်း၊ မူလတန်းကြိုကျောင်းများသို့ လည်းကောင်း လှည့်လည်ကြည့်ရှုကြ သည်။

မွန်းလွဲပိုင်းတွင် အဖွဲ့ဝင်များသည် ညောင်ရွှေမြို့နယ်၊ ရေပယ်ထက် ကျေးရွာ အခြေခံပညာ မူလတန်း ကျောင်း၌ ရွာသာကျေးရွာအုပ်စုမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဝင် များ၊ဒေသခံအမျိုးသမီးများအားတွေ့ဆုံ ၍ စကားဝိုင်းဖွဲ့ ဆွေးနွေးကြသည်။

ထို့နောက် ဒေါ်မြတ်ငွေနှင့်အဖွဲ့ဝင် များသည် ရေပယ်ထက်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၊ ရပ်ရွာ ပညာပဒေသာဌာနအတွက် စာအုပ်စာတမ်းမျိုးစုံနှင့် ပညာပေး လက်ကမ်းစာစောင်များ ပေးအပ် လှူဒါန်းသည်။

(သတင်းစဉ်)

# အိုလံပစ်ကော်မတီဥက္ကဋ္ဌ တံခွန်စိုက်ရေကူးပြိုင်ပွဲ မေ ၂၈ ရက်နှင့် ၂၉ရက်တို့တွင် ကျင်းပမည်

ရန်ကုန် မေ ၁၃

**မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်မှကြီးမှူး၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ တံခွန်စိုက် အမျိုးသား၊ အမျိုးသမီး သက်တန်းအလိုက် ရေကူးပြိုင်ပွဲကို မေ ၂၈နှင့် ၂၉ ရက် မွန်းလွဲ ၂နာရီတွင် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ ကျင်းပမည်ဖြစ်သည်။**

အဆိုပါသက်တမ်းအလိုက် ရေကူး ပြိုင်ပွဲတွင် အသက်(၁၇)နှစ်အထက် တန်း၊ အသက် (၁၅၊၁၆၊၁၇)နှစ်တန်း၊ အသက်(၁၃၊၁၄)နှစ်တန်း၊ အသက် (၁၁၊၁၂)နှစ် တန်း၊ အသက်(၉၊၁၀)နှစ် တန်း၊ အသက်ရှစ်နှစ်အောက်တန်း အမျိုးသား/အမျိုးသမီး ပြိုင်ပွဲများ ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်လိုသူများသည် အသက် (၁၇)နှစ်အထက်တန်းပြိုင်ပွဲများတွင် မည်သူမဆို ပါဝင် ယှဉ်ပြိုင်နိုင်ပြီး ကျန်အတန်းများတွင် အပြည်ပြည် ဆိုင်ရာ သက်တန်းအလိုက် ရေကူး ပြိုင်ပွဲများ၌ သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ ပါဝင်ယှဉ်ပြိုင် နိုင်သည်။

ပြိုင်ပွဲတွင် (၁၇)နှစ်အထက်ပြိုင်ပွဲ၌ မီတာ(၅၀၊၁၀၀၊၂၀၀၊၄၀၀)အလွတ်ကူးပြိုင်ပွဲ မီတာ(၁၀၀၊၂၀၀) ပက်လက်ကူးပြိုင်ပွဲ၊ ရင်ပေါင်တန်းပြိုင်ပွဲ၊ လိပ်ပြာကူးပြိုင်ပွဲ မီတာ(၂၀၀၊၄၀၀)တစ်ဦးချင်း လေးမျိုး ကူးပြိုင်ပွဲ၊ အသက်(၁၅၊၁၆၊၁၇)နှစ်နှင့် (၁၃၊၁၄)နှစ်အတန်းတွင် မီတာ (၅၀၊ ၁၀၀၊၂၀၀၊၄၀၀)အလွတ်ကူးပြိုင်ပွဲမီတာ (၅၀၊၁၀၀၊၂၀၀)ပက်လက်ကူးပြိုင်ပွဲ၊ ရင်ပေါင်တန်းကူးပြိုင်ပွဲ၊ လိပ်ပြာကူး ပြိုင်ပွဲ မီတာ(၂၀၀၊၄၀၀) တစ်ဦးချင်း လေးမျိုးကူးပြိုင်ပွဲ၊ အသက်(၁၁၊၁၂)နှစ် တန်းတွင်မီတာ(၅၀၊၁၀၀၊၂၀၀)အလွတ် ကူးပြိုင်ပွဲ၊ ပက်လက်ကူးပြိုင်ပွဲ၊ ရင်ပေါင် တန်းကူးပြိုင်ပွဲ၊ လိပ်ပြာကူး မီတာ(၂၀၀၊ ၄၀၀)တစ်ဦးချင်း လေးမျိုးကူးပြိုင်ပွဲ အသက်(၉၊၁၀)နှစ်တန်းတွင် မီတာ(၅၀၊ ၁၀၀) အလွတ်ကူးပြိုင်ပွဲ၊ ပက်လက် ကူးပြိုင်ပွဲ၊ ရင်ပေါင်တန်းကူးပြိုင်ပွဲ၊ လိပ်ပြာကူးပြိုင်ပွဲ၊ မီတာ (၂၀၀) တစ်ဦး ချင်း လေးမျိုးကူးပြိုင်ပွဲ၊ အသက်ရှစ်နှစ် အောက်အတန်းတွင် မီတာ (၂၅၊ ၅၀) အလွတ်ကူးပြိုင်ပွဲ၊ ပက်လက်ကူးပြိုင်ပွဲ နှင့် ရင်ပေါင်တန်းကူးပြိုင်ပွဲများ ထည့်သွင်းကျင်းပမည် ဖြစ်ကြောင်း သိရသည်။

ပါဝင်ယှဉ်ပြိုင်လိုသူများသည် မေ ၂၈ရက်နောက်ဆုံးထား၍ အမျိုးသား ရေကူးကန်၊ ဦးဝိစာရလမ်းရှိ မြန်မာနိုင်ငံ ရေကူးအဖွဲ့အချုပ်ရုံးတွင် ဦးသန်းကြိုင်၊ ဦးမြင့်ဦးတို့ထံ ဖုန်း-၃၈၅၉၂၇၊ ၃၈၅၉၂၈၊ ၅၅၇၄၃၂ တို့၌ ရုံးချိန် အတွင်း စာရင်းပေးသွင်းနိုင်သည်။ ပြိုင်ပွဲနှင့်ပတ်သက်သော အသေးစိတ် အချက်အလက်များကို သိရှိလိုပါက မြန်မာနိုင်ငံရေကူးအဖွဲ့အချုပ် အထွေ ထွေ အတွင်းရေးမှူး ဦးကျော်ဦး ဖုန်း- ၀၉-၅၁၃၄၃၁၀ ထံ ဆက်သွယ်စုံစမ်း နိုင်ကြောင်းသိရသည်။ (ကြေးမုံ)

# မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

## ၁၄-၅-၂၀၀၆ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ **တိပိဋကဓရ၊ဓမ္မဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈:၀၅ ၇။ အဆိုပြိုင်ပွဲ
- ၈:၂၀ ၈။ ဆက်သွယ်ဆင့်ပွား အိပ်မက်တံတား
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Say it in English.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာ သတင်းစဉ်
- ၁၁:၃၅ ၄။ **နိုင်ငံခြားကာတွန်း ဇာတ်လမ်းတွဲ "Doraemon"**
- ၁၁:၅၀ ၅။ ဖွံ့ဖြိုးစည်ပင် ကာလိစံပြကျေးရွာတစ်ခွင်
- ၁၂:၀၀ ၆။ **မြန်မာဗီဒီယိုဇာတ်လမ်း "နှင်းဆီစီးချင်း" (ဒွေး၊ သူထူးစံ၊ ထွန်းအိန္ဒြာဗို၊ အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ-မောင်ပြည့်ဝ- ပန်းဝေသီ)**
- ၁:၅၀ ၇။ တေးဂီတအစီအစဉ်
- ၂:၀၅ ၈။ အကပြိုင်ပွဲ
- ၂:၁၀ ၉။ **"စည်းကမ်းလိုက်နာ ဘေးကင်းမှာ" (ကျော်ရဲအောင်၊ချစ်သူ၊ ဇော်ဝင်းမောင်၊မေ့စံ၊ လင်းဇာနည်ဇော်၊ပွင့်) [ဒါရိုက်တာ-ခင်ဇော်၊ မြင့်စိုး(ဝ/သရန်ကုန်)]**
- ၂:၂၀ ၁၀။ အတီးပြိုင်ပွဲ
- ၂:၃၀ ၁၁။ ကျန်းမာခြင်းဆိုင်ရာ အမှုအကျင့်ကောင်းများဖွံ့ဖြိုး တိုးတက်ရေးပြိုင်ပွဲ (ဆုချီးမြှင့်ခြင်းအခမ်းအနား)
- ၂:၄၅ ၁၂။ International News.
- ၃:၀၀ ၁၃။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use
- ၄:၄၅ ၄။ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
- ၅:၁၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ အက
- ၅:၃၀ ၇။ ဆိုကြမယ်၊ပျော်ကြမယ်
- ၆:၀၀ ၈။ ညနေခင်းသတင်း
- ၆:၃၀ ၉။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၀။ Discovery.
- ၆:၄၅ ၁၁။ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
- ၆:၅၅ ၁၂။ တေးဂီတအစီအစဉ်
- ၇:၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကံကောင်းခြင်းအိပ်မက်" (အပိုင်း-၁၄)**
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိပြီဆိုရင်" (အပိုင်း-၄၄)**
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

## ပြည်ပအခြားကစားသတင်းများ

# ကမ္ဘာ့ဖလားပြိုင်ပွဲအမီ တိုက်စစ်မှူး ဝိန်းရူနီ ပြန်လည်ကြံ့ခိုင်လာမည်



**ဒဏ်ရာရရှိထားရာမှ ပြန်လည်နာလန်ထူလာပြီ ဖြစ်သော ဝိန်းရူနီ။** *(ဓာတ်ပုံ-အင်တာနက်)*

**လန်ဒန် မေ ၁၃**

မန်ချက်စတာယူနိုက်တက် တိုက်စစ်မှူး ဝိန်းရူနီသည် ထိခိုက်ဒဏ်ရာရရှိထားသော်လည်း ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲအမီ ပြန်လည်ကြံ့ခိုင်လာမည်ဟု မျှော်လင့်ရကြောင်း၊ ခြေထောက်ဒဏ်ရာ အခြေအနေကိုဖော်ပြသည့် ဆေးစစ်ချက် များအရ ၎င်း၏ကျန်းမာရေးအလားအလာမှာ အလွန်ပင် အားရဖွယ်ကောင်းကြောင်း မန်ချက်စတာယူနိုက်တက် အသင်း၏ အင်တာနက်ဝက်ဘ်ဆိုက်တွင် ဖော်ပြထား သည်။

တိုက်စစ်မှူး ဝိန်းရူနီသည် မန်ချက်စတာယူနိုက်တက် ကလပ်အသင်း၏ ကယ်ရင်တန်လေ့ကျင့်ရေးကွင်း အနီး တစ်ဝိုက်တွင် သောကြာနေ့က စက်ဘီးစီးခဲ့သည်ဟု ဆိုသည်။ **အင်တာနက်။**

# အိုင်ယာလန်ဂိုးသမား နယူးကာဆယ်အသင်း၌တွင် ဆက်လက်ရှိနေမည်

နယူးကာဆယ် မေ ၁၃

**အိုင်ယာလန်သမ္မတနိုင်ငံမှ နိုင်ငံတကာဂိုးသမား ရှေးဂစ်ဗင်သည် နယူးကာဆယ်ယူနိုက်တက် အသင်းတွင် ပါဝင်ကစားရန် ငါးနှစ်သက်တမ်းရှိ သဘောတူစာချုပ်သစ်ကို လက်မှတ်ရေးထိုးလိုက်ပြီ ဖြစ်ကြောင်း၊ ရှေးဂစ်ဗင်သည် စိန့်ဂျိမ်းစ်ပါ့ခ်ကွင်းတွင် ၂၀၁၁ခုနှစ်အထိ ဆက်လက်ရှိနေမည်ဖြစ်ကြောင်း မေ ၁၃ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။**

အသက်(၃၀)အရွယ်ရှိ ရှေးဂစ်ဗင်သည် အင်္ဂလန် မြောက်ပိုင်းတွင် ရေပန်းစားသည့် ဘောလုံးသမားဖြစ်ခဲ့ပြီး ၁၉၉၇ခုနှစ်မှ ယခုအချိန်အထိ နယူးကာဆယ်ယူနိုက်တက် အသင်းတွင် ရှိနေဆဲဖြစ်သည်။

**နယူးကာဆယ် ယူနိုက်တက် အသင်းတွင် နောက်ထပ် ငါးနှစ် ကစားရန် စာချုပ် ချုပ်လိုက်သည့် အိုင်ယာလန်ဂိုးသမား ရှေးဂစ်ဗင်။** *(ဓာတ်ပုံ-အင်တာနက်)*

**အသင်းခေါင်းဆောင်**

အိုင်ယာလန်လူမျိုး ရှေးဂစ်ဗင် သည် အိုင်ယာလန် အမျိုးသား ဘောလုံးအသင်းမှ အလန်ရီးယား အနားယူခဲ့ပြီးနောက် ယင်းအသင်း၏ အသင်းခေါင်းဆောင်အဖြစ် ရွေးချယ် ခံခဲ့ရသည်။ **အင်တာနက်။**

# သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး နှိုးဆော်ချက်

၁။ သွေးလွန်တုပ်ကွေးရောဂါသည် အသက်(၃)နှစ်မှ (၁၄)နှစ်အထိ ကလေးငယ်များတွင် ဖြစ်ပွားတတ်ပါ သည်။ သွေးလွန်တုပ်ကွေးရောဂါဖြစ်လျှင် ရင်သွေးငယ်များ အသက်ဆုံးပါးရသည်အထိ ဖြစ်နိုင်သဖြင့် မိမိတို့၏ ရင်သွေးများ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ကြပါရန် နှိုးဆော်အပ်ပါသည်။

၂။ သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်ရေသန့်တွင်ပေါက်ပွားသော ခြင်ပုန်း၊ခြင်ကျား အကိုက်ခံရခြင်း ကြောင့် ကူးစက်ပါသည်။ သို့ပါ၍ ခြင်ပုန်း၊ ခြင်ကျား မပေါက်ပွားစေရန်နှင့် မိမိတို့ရင်သွေးများ ခြင်ကိုက်မခံရ စေရန် အောက်ပါအတိုင်း ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်-

**သွေးလွန်တုပ်ကွေးရောဂါမှကာကွယ်ရန်**

(က) ရေစည်၊ ရေအိုးများကို လုံခြုံစွာဖုံးအုပ်ထားပါ။
(ခ) ရေအိုး၊ ညောင်ရေအိုးတို့မှရေကို နေ့စဉ်လဲလှယ်ပေးပါ။
(ဂ) ရေစည်၊ ရေအိုးများရှိ ပိုးလောက်လမ်းများအား ရေစစ်ဖြင့်ခပ်ထုတ်ပစ်ပါ။
(ဃ) မိုးရေတင်နိုင်သော ဘူးခွံ၊ ပုံးခွံ၊ တာယာစုတ်၊ အိုးခြမ်းပဲ့ စသည်တို့ကို ဖယ်ရှားရှင်းလင်းပါ။
(င) အလင်းရောင်ရရှိရန် တံခါးများကို နေ့ခင်းပိုင်းတွင် ဖွင့်ထားပါ။
(စ) အိမ်တွင်း၊ အိမ်ပြင် သန့်ရှင်းစွာထားပါ။
(ဆ) ကလေးများအိပ်ချိန်တွင် ခြင်ထောင်ဖြင့်သိပ်ပါ။
(ဇ) အိမ်ပတ်ဝန်းကျင်ရှိ ရေဝပ်နိုင်သော မြေနိမ့်များကို မြေဖို့ပါ။
(ဈ) မိမိတို့အိမ်ရှေ့၊ အိမ်နောက်တို့မှ ရေမြောင်းများကို ရေစီးရေလာကောင်းအောင် ရှင်းလင်းပါ။
လိုအပ်ပါက စည်ပင်သာရေးအဖွဲ့၏ အကူအညီကိုယူပါ။

၃။ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ခြင်များမပေါက်ပွားစေရန်ဆောင်ရွက်ခြင်း၊ အသိပညာပေးခြင်း၊ ကာကွယ်တားဆီးခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြပါရန်နှင့် သွေးလွန်တုပ်ကွေးဖြစ်ပွားသည်ဟု သံသယရှိသော ကလေးများကို ဆေးပေးခန်း၊ ဆေးရုံများသို့ အချိန်မီပို့ဆောင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# သီတဂူကြယ်တစ်ပွင့် ပြည်ပခရီးကြွရောက်

ရန်ကုန် မေ ၁၃

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင် တမာတန်း ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက်၏ ပဓာနနာယက သာသနဓဇဓမ္မာစရိယ သဒ္ဓမ္မဇောတိက ဓဇ ဓမ္မကထိက ဗဟုဇနဟိတဓရသီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒသည် ဒါယကာ၊ ဒါယိကာမများ၏ ပင့်လျှောက်ချက်အရ ယနေ့ နံနက်ပိုင်းတွင် အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ် နော်ဝေါ့ခ်မြို့သို့ ပြည်ပသာသနာပြုခရီး ကြွရောက်သည်။ (က-ပ)

အိန္ဒိယနိုင်ငံ မစ္ဆိမဒေသ ဗုဒ္ဓဂယာ မြန်မာကျောင်း တိုးချဲ့မြေကွက်သစ် ဝယ်ယူရန်အတွက် မင်္ဂလာမေ အမျိုးသမီးအသင်းဥက္ကဋ္ဌ ဒေါ်သက်ရီ ဦးဆောင်သော အသင်းသူများက ဒုတိယအကြိမ် အလှူတော်ငွေကျပ် ၁၁၂၀၀၀ကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းတွင် အကျိုးတော်ဆောင်ဆရာတော် အရှင်ကုသလရှေ့မှောက်၌ တာဝန်ခံ ဒေါက်တာအေးအေးမာထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင်တောရ သာသနာ့နယ်မြေ ပဓာန နာယကချုပ် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရ အရှင်သူမြတ်အား စုပေါင်းသိက္ခာထပ်ပွဲကို မေ ၁၁ရက် (ကဆုန်လပြည့်နေ့)ပန်းတစ်ပွင့်တောင်သိမ်၌ကျင်းပရာ ဝါးနက်ချောင်းကျေးရွာများမှ ကုသိုလ်ရှင်များ၊ ဒါယကာ၊ ဒါယိကာမများနှင့် ကျောင်းသား၊ ကျောင်းသူများက သိမ်ဆင်းလောင်းလှူကြစဉ်။ (ဝ၁)

# ချမ်းသာအောင် စေတီတော် ထီးတော်တင်လှူ

ရန်ကုန် မေ ၁၃

ရန်ကုန်တိုင်း တွံတေးမြို့နယ် ချောင်းဝိုင်းကြီးကျေးရွာ မြောက်ပိုင်း ဘုန်းတော်ကြီး ကျောင်းဝင်းအတွင်းရှိ ရှေးဟောင်းချမ်းသာအောင် စေတီတော်အား ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တကောသလ္လနှင့် သာကေတမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အောင်စကြာမိုးကုတ်ကျောင်း ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဝိမလဗုဒ္ဓိတို့ ဦးစီး၍ ပြန်လည်ပြုပြင်တည်ထားကိုးကွယ်ခဲ့ရာ ယခုအခါ တည်ဆောက်ပြီးစီးပြီဖြစ်၍ ယနေ့ နံနက် ၇နာရီတွင် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

**တင်လှူပူဇော်**

ရှေးဦးစွာ ရွှေထီးတော်ဘုံအဆင့်ဆင့်ကို အလှူရှင်များနှင့် စေတီတော်ဂေါပက အဖွဲ့ဝင်များက အသီးသီးတင်လှူပူဇော်ကြပြီး စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ဆရာတော်သံဃာတော်များက တင်လှူပူဇော်ကြသည်။

**တက်ရောက်ကြည်ညို**

ယင်းနောက် ရွှေထီးတော်တင်လှူပွဲ ရေစက်ချ မင်္ဂလာအခမ်းအနားကို ဝိဟာရကျောင်းတော်၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အောင်မြေဘုံစံ ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။ (သတင်းစဉ်)

# ပြည်နယ်နှင့်တိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲ ဧရာဝတီက မွန်ကိုနိုင်ပြီး ဗိုလ်လုပွဲတက်

ရန်ကုန် မေ ၁၃

**၂၀၀၆ခုနှစ်(၁၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီး(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် ဧရာဝတီတိုင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်းအား ကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ဧရာဝတီတိုင်းအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။**

**ဧရာဝတီတိုင်းအသင်း နှစ်ဂိုး။**
(မူမူလွင်နှင့်သန္တာမိုး)
**မွန်ပြည်နယ်အသင်း တစ်ဂိုး။**
(မြင့်မြင့်အေး)
**အကောင်းဆုံးဆု သန္တာ(ဧရာဝတီ)**
**ဒိုင်လူကြီး ဒေါ်အေးအေးမူ**

ခြေညီသော နှစ်သင်းတွေ့ဆုံသောပွဲဖြစ်၍ ပွဲမှာ အကြိတ်အနယ်ရှိခဲ့ပြီး

အကောင်းဆုံးဆုရ သန္တာမိုး(ဧရာဝတီတိုင်း)။ (ကြေးမုံ)

သမ္ဘာကိုအားပြုကစားသည့်မွန်ပြည်နယ်အသင်းကို ဧရာဝတီတိုင်းက လျင်မြန်မှု၊ အသင်းလိုက်စုစည်းမှုအားတို့ဖြင့် ထိန်းချုပ်ပြီး ခြေစွမ်းပြအနိုင်ယူကာ ဗိုလ်လုပွဲသို့ နှစ်နှစ်ဆက်တိုက် တက်ရောက်သွားသည်။

ပွဲစကတည်းက နှစ်သင်းစလုံးဂိုးရရှိရေးအတွက် တိုက်စစ်ကို ဖွင့်ကစားကြသည်။ ဧရာဝတီတိုင်းမှာ ဘောလုံးရသည်နှင့်တစ်ပြိုင်နက် အပေးအယူအချိတ်အဆက်မိမိဖြင့် တိုက်စစ်ဆင်ရာ မွန်အသင်း ခက်ခက်ခဲခဲ ထိန်းနေရသည်။ ဧရာဝတီအတွက် ဖွင့်ဆော်ဦးဂိုးကို ၁၄ မိနစ်တွင် သန္တာမိုး ကန်တင်ပေးသော ထောင့်ကန်ဘောကို တိုက်စစ်မှူး မူမူ လွင်က ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးပေးလိုက်ရ၍ မွန်အသင်း တိုက်စစ်ပြန်ဆင်လာရာ ထိုးဖောက်မှုမှန်သမျှကို ဧရာဝတီနောက်တန်းနှင့် ဂိုးသမားသင်းသင်းအေးတို့ ကာကွယ်နိုင်ခဲ့၍ ပထမပိုင်းအပြီးတွင် ဧရာဝတီက တစ်ဂိုးအသာဖြင့်ဦးဆောင်နေသည်။

**ဒုတိယဂိုး**

ဒုတိယပိုင်းအစတွင် ဧရာဝတီက ဖိကစားရာ ငါးမိနစ်တွင် သန္တာက အဝေးမှလှလှပပကန်သွင်းယူခဲ့သဖြင့် ဧရာဝတီဒုတိယဂိုးထပ်မံရရှိသွားသည်။ ထို့နောက်ပိုင်းတွင် ဧရာဝတီက ဂိုးမပေးရရေးအတွက်ခံစစ်ကို ဦးစားပေးကစားသွားရာ မွန်အသင်း ပြန်လည်ဖိကစားလာသည်။ အဆုံးသတ် ဂိုးသွင်းအားနည်းနေ၍ မွန်ပြည်နယ်အသင်း ၃၅မိနစ်ကျမှ ချေပဂိုးတစ်ဂိုးပြန်လည်ရရှိခဲ့သည်။ စန်းစန်းကြူပေးသော ဘောလုံးကို မြင့်မြင့်အေးက မနားတမ်းကန်သွင်းခဲ့ခြင်းဖြစ်သည်။ မွန်အသင်း ချေပဂိုးထပ်မံရရှိရန် အားထည့်လာရာ ဂိုးထပ်မံရရှိနိုင်မည့် အခွင့်အရေးနှစ်ကြိမ်ရရှိခဲ့သော်လည်း တိုင်ထိထွက်သွား၍ ချေပဂိုးနှင့်ဝေးကာပွဲအပြီးတွင် ဧရာဝတီက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရသွားသည်။

**တတိယနှင့်ဗိုလ်လုပွဲ**

မေ ၁၅ရက်တွင် တတိယနေရာလုပွဲအဖြစ် မန္တလေးတိုင်းနှင့် မွန်ပြည်နယ်၊ မေ ၁၆ရက်တွင် ဗိုလ်လုပွဲအဖြစ် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ (ကြေးမုံ)

ဧရာဝတီတိုင်းမှ အေးငြိမ်းသူနှင့် မွန်ပြည်နယ်နောက်ခံလူတို့အကြိတ်အနယ်ကစားကြစဉ်။ (ကြေးမုံ)



# မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများတိုးလာနိုင်

**၂၀၀၆ခုနှစ်၊ မေလ ၁၃ ရက်နေ့ မွန်းလွဲ ၂ နာရီအချိန် ထုတ်ပြန်ချက် ယနေ့နံနက် ၀၉း၃၀ နာရီအချိန်ထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄နာရီ အတွင်းက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်၊ ရခိုင်ပြည်နယ်နှင့်မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင်နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး၊ ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ကရင်ပြည်နယ်နှင့်တနင်္သာရီတိုင်းတို့တွင် ဖြစ်မြဲထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ ပိုခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဖြစ်မြဲအောက် ၃ ဒီဂရီစင်တီဂရိတ်လျော့နည်းကာ ကျန်ဒေသများတွင် ဖြစ်မြဲခန့်သာရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်များ**မှာ ညောင်ဦးမြို့နှင့် ချောက်မြို့တို့တွင် ၄၀ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များ**မှာ ဖျာပုံမြို့တွင် ၂ ဒသမ ၂၄ လက်မ၊ ကသာမြို့တွင် ၁ ဒသမ ၉၇ လက်မ၊ မချမ်းဘောမြို့တွင် ၁ ဒသမ ၂၆ လက်မ၊ ရန်ကုန်(မြို့လယ်)တွင် ၁ ဒသမ ၁၅ လက်မနှင့် တောင်ကြီးမြို့တွင် ၁ ဒသမ ၀၂ လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်ထူထပ်နေပြီး၊ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

**၂၀၀၆ ခုနှစ် မေ ၁၄ ရက် ညနေထိ ခန့်မှန်းချက်**

ကချင်ပြည်နယ်၊ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့်တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့ အပြား၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ တိုးလာနိုင်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

အမြင့်ဆုံးအပူချိန် ၃၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၈၉ဒီဂရီဖာရင်ဟိုက်) **၁၂-၅-၂၀၀၆**

အနိမ့်ဆုံးအပူချိန် ၂၀ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၆၉ ဒီဂရီဖာရင်ဟိုက်) **၁၃-၅-၂၀၀၆**

၀၉း၃၀နာရီအချိန် စိုထိုင်းဆ ၈၉ ရာခိုင်နှုန်း **၁၃-၅-၂၀၀၆**

နေပူသည့်နာရီပေါင်း ၃ ဒသမ ၉ နာရီခန့် **၁၂-၅-၂၀၀၆**

**မိုးရေချိန်**

| ရက်စွဲ | မင်္ဂလာဒုံ | ကမ္ဘာအေး | ရန်ကုန်မြို့လယ် |
|---|---|---|---|
| ၁၃-၅-၂၀၀၆ | ၀ ဒသမ ၃၉ လက်မ | ၀ ဒသမ ၁၆ လက်မ | ၁ ဒသမ ၁၅ လက်မ |
| ၁-၁-၂၀၀၆ရက်မှ ယနေ့အထိ | ၇ ဒသမ ၀၁ လက်မ | ၈ ဒသမ ၃၉ လက်မ | ၇ ဒသမ ၀၉ လက်မ |

**ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၂-၅-၂၀၀၆ ရက် ၁၈း၃၀ နာရီအချိန်တွင် အနောက်တောင်ဘက်မှ တစ်နာရီ ၇မိုင်နှုန်း တိုက်ခတ်သည်။**

# ကြော်ငြာများလက်ခံပြီ

ဒို့ကျေးရွာဂျာနယ်သည် မြန်မာနိုင်ငံအရပ်ရပ်ရှိ မြို့နယ်ပေါင်း ၃၀၀ ကျော်သို့ စောင်ရေ ၁၄၀၀၀ ကျော်ဖြင့် တစ်လ နှစ်ကြိမ်ဖြန့်ချိလျက်ရှိပါသည်။

လူကြီးမင်းများ၏ ကုန်ပစ္စည်းများအား ဒို့ကျေးရွာ ဂျာနယ်တွင် ကြော်ငြာခြင်းဖြင့် ကျေးလက်ဒေသနေ ပြည်သူလူထုအထိ သိရှိအောင် ဆောင်ရွက်နိုင်ပါမည်။

လူကြီးမင်းများ၏ ကုန်ပစ္စည်းများအား နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူလူထုများ သိရှိအောင် ဒို့ကျေးရွာဂျာနယ်မှ ကူညီဖော်ပြပေးလိုပါသည်။

**ဆက်သွယ်ရန်–**

အမှတ်(၂၂)၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့၊

ဖုန်း–၃၇၁၃၄၀၊ ၃၇၁၃၄၂။

## ဘွဲ့တံဆိပ်တော်ရဆရာတော်များ ဂုဏ်ပြုပူဇော်ပွဲ ကျင်းပ

ရန်ကုန် မေ ၁၃

တောင်ကြီးမြို့နယ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ဂုဏ်ပြုပူဇော်ပွဲကို မေ ၂၉ရက်တွင် တောင်ကြီးမြို့ အတုလမာရဇိန် ဆုတောင်းပြည့်မြတ်စွာဘုရားမြို့လယ်မွေ့ရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က သာသနာရေးဆိုင်ရာ လျှောက်ထားသည်။ ဆက်လက်ပြီး ဘွဲ့တံဆိပ်တော်ရ ဆရာတော် ခြောက်ပါးနှင့် အကြည်ညိုခံဆရာတော် ၁၁ပါးတို့အား တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် တိုင်းဦးစီး အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

# ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်း

## အမှတ်(၁)စက်မှုဝန်ကြီးဌာန စက်ရုံစီမံကိန်းများ စစ်ဆေး

ရန်ကုန် မေ ၁၃

**အမှတ်(၁)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်းသည် မေ ၅ရက် နံနက်ပိုင်းတွင် မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် ပရပ်ကြယ်ရွာအနီးရှိ မြန်မာ့စားသောက်ကုန်လုပ်ငန်း ပြောင်းဖူးထုတ်ကုန်ပစ္စည်းစက်ရုံ(ရန်ပယ်)သို့ ရောက်ရှိရာ စက်ရုံမှတာဝန်ရှိသူများက စက်ရုံ၏ စက်ပစ္စည်းများရောက်ရှိမှုနှင့် တပ်ဆင်ပြီးစီးမှု အခြေအနေ၊ ဝန်ထမ်းအင်အားအခြေအနေနှင့် ကုန်ကြမ်းလိုအပ်ချက် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။**

ယင်းနောက် ဒုတိယဝန်ကြီးက ထုတ်လုပ်မှုလျာထားချက်ပြည့်မီရေးနှင့် လုပ်ငန်းလိုအပ်ချက်များ မှာကြားပြီး စက်ရုံတွင်း စက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှုကို ကုန်ထုတ်လိုင်းတစ်လျှောက် အသေးစိတ် လိုက်လံကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းစက်မှုလုပ်ငန်း၊ သိုးနှင့် မြင်း မွေးမြူရေးစီမံကိန်း(ရန်ပယ်)သို့ ဆက်လက်ရောက်ရှိပြီး မြင်းဇောင်းများ၊ မြို့ပြဆိုင်ရာ တည်ဆောက် ပြီးစီးမှုအခြေအနေနှင့် မြင်းအစားအစာအတွက် လိုအပ်သော မြက်ခင်း ဧက ၃၃၀ တို့ကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် မေ ၆ရက် နံနက်ပိုင်းတွင် မြန်မာ့အထည်အလိပ်လုပ်ငန်း ဝါစိုက်ပျိုးရေး စီမံကိန်း (လယ်မ–သာစည်) ဒေသစီမံကိန်း ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက ၂၀၀၆–၂၀၀၇ ခုနှစ် စက်မှု ကုန်ကြမ်းဝါစိုက်ပျိုးထုတ်လုပ်မှု အခြေအနေ အရပ်ရပ်ကို တင်ပြဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက လျာထားချက်ထက် ပြည့်မီကျော်လွန်အောင် အဆင့်ဆင့်ကြီးကြပ်မှုဖြင့် ယခုကတည်းက ကြိုတင်စီမံဆောင်ရွက်မှုများ ပြုလုပ်ကြရန် မှာကြားပြီး ဝါစိုက်ပျိုးရန်အတွက် ဆောင်ရွက်ထားသော ရေလှောင်ကန်များနှင့် စတင်ထွန်ယက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် မေ ၆ရက် ညနေပိုင်းတွင် မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ဘိလပ်မြေစက်ရုံ အမှတ်(၂) ကြံခင်းသို့ ရောက်ရှိပြီး ဧည့်ရိပ်သာခန်းမ၌ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီနှင့် တာဝန်ရှိသူများက အမှတ်(၂) ကြံခင်းဘိလပ်မြေစက်ရုံ ပင်မစက်ရုံ ရေလွှမ်းမိုးမှု ကြိုတင်ကာကွယ်မည့်အစီအမံများကို ဗီဒီယိုဆလိုက်များဖြင့် ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက လုပ်ငန်း လိုအပ်ချက်များမှာကြားသည်။

ဒုတိယဝန်ကြီးသည် မေ၇ရက်မွန်းလွဲပိုင်းတွင် ပုသိမ်မုန်စက်ရုံသို့ ရောက်ရှိရာ ခြစ်ဆည်းရိုး ကြက်ဆူပင်များ စိုက်ပျိုးထားရှိမှုနှင့်စက်ရုံ၏ မွမ်းမံ ပြင်ဆင်မှု အခြေအနေကိုကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း စက္ကူနှင့်ပျော့ဖတ်စက်ရုံ (သာပေါင်း)သို့ ရောက်ရှိရာ တာဝန်ရှိသူများက ကုန်ထုတ်လုပ်မှုအခြေအနေ၊ ကုန်ကြမ်းရရှိမှုအခြေအနေကို တင်ပြကြပြီး ဒုတိယဝန်ကြီးက ကုန်ထုတ်လုပ်မှုလျာထားချက် ပြည့်မီအောင် ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် မေ ၈ရက် နံနက်ပိုင်းတွင်ဧရာဝတီတိုင်း သာပေါင်းမြို့နယ် တစ်နေ့တန် ၅၀ကျ အဆင့်မြင့်စာရေးနှင့် ပုံနှိပ်စက္ကူစက်ရုံ တည်ဆောက်ရေး စီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိ စစ်ဆေးပြီး သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်း ကိုက်ညီအောင် တည်ဆောက်ကြရန်နှင့် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်ကြရန်မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် တစ်နေ့တန်၂၀၀ကျ စက္ကူနှင့်ပျော့ဖတ်စက်ရုံ (သာပေါင်း)၏ ကုန်ကြမ်းဌာန၊ ကုန်ချောပစ္စည်းများ၊ စက်ပစ္စည်းအစိတ်အပိုင်းများရောက်ရှိမှုနှင့် တင်ပို့မှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး စက်ရုံအတွင်းရှိ ကုန်ချောထုတ်လုပ်မှု အဆင့်ဆင့်ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် စက္ကူပျော့ဖတ်စက်ရုံ၏ Recovery Ptant ဌာန၊ ဝင်းသူဇာအရောင်းဆိုင်နှင့် ခြစ်ဆည်းရိုး ကြက်ဆူပင်ပျိုးခင်းကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် မေ ၉ရက် နံနက်ပိုင်းတွင် သရက်ဘိလပ်မြေစက်ရုံ ကုန်ကြမ်းဌာန၊ ထုံးကျောက် ကြိတ်ခွဲစက် စက်တပ်ဆင်လည်ပတ်နေမှု အခြေအနေနှင့် ထုံးကျောက်တောင်မှ ထုံးကျောက်ထုတ်လုပ်နေမှု အခြေအနေကိုလည်းကောင်း၊ ဘိလပ်မြေစက်ရုံ မီးသင်းဖိုများနှင့် ကုန်ချောပို့ဆောင်မှု အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက ကုန်ကြမ်းကြိတ်စက် အသစ်နှစ်လုံးကို စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။ (သတင်းစဉ်)

## နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ် မသုံးစွဲရနေ့

လစဉ်လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

**၂၀၀၆ ခုနှစ် မေလအတွက်(၁၄–၅–၂၀၀၆) ရက်နေ့**

**နှင့်**

**(၂၈–၅–၂၀၀၆)ရက်နေ့**

## ပြည်ပအားကစားသတင်းများ

# အက်ဖ်အေဖလား လီဗာပူးဆွတ်ခူး ပယ်နယ်တီ အဆုံးအဖြတ်ဖြင့် အနိုင်ရ

လန်ဒန် မေ ၁၃

**အင်္ဂလိပ် အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် လီဗာပူးအသင်းနှင့် ဝက်စ်ဟမ်းယူနိုက်တက်အသင်းတို့ ဝေလပြည်နယ် ကားဒစ်ဖ်မြို့ရှိ ထောင်စုနှစ်အားကစားကွင်းတွင် မေ ၁၃ရက်က ယှဉ်ပြိုင်ကစားရာ လီဗာပူးအသင်းက ဝက်စ်ဟမ်းအသင်းကို ပယ်နယ်တီ အဆုံးအဖြတ်ဖြင့် အနိုင်ရရှိပြီး အက်ဖ်အေဖလားကို ဆွတ်ခူးရရှိသွားသည်။**

### လီဗာပူးဂိုး

**လီဗာပူးအသင်းမှ စတီဖင်ဂျရတ် (ယာ) က ဂိုးသွင်းမှုကို ဝက်စ်ဟမ်းအသင်းမှ ပေါလ်ကွန်ချက်စကီးက စောင့်ကြည့်နေစဉ်။**

(ဓာတ်ပုံ–အင်တာနက်)

### နှစ်ဦးအသာ

ပွဲချိန် မိနစ် ၂၀ တွင် လီဗာပူးအသင်းမှ ကရပ်ဖာက မိမိဂိုးမိမိသွင်းမိရာမှ ဝက်စ်ဟမ်းအသင်း အဖွင့်ဂိုးရရှိခဲ့သည်။ ပွဲချိန် ၂၈ မိနစ်တွင် ဝက်စ်ဟမ်းအသင်းမှ အက်သရင်တန်က ဂိုးသွင်းခွင့် ရရှိခဲ့ပြီး လီဗာပူး ဂိုးသမား ဟိုဆေးရေနာက အစွမ်းကုန်ကာကွယ်သော်လည်း မသေမသပ်ဖြစ်မှုကြောင့် ပြန်ထွက်လာသည့် ဘောလုံးကို ဒင်းအက်ရှ်တန်က လျှပ်တစ်ပြက် ကန်သွင်းရာ ဂိုးဝင်သဖြင့် ဝက်စ်ဟမ်းအသင်းမှာ နှစ်ဂိုးအသာဖြင့် ဦးဆောင်ကစားနိုင်သည်။

### ချေပဂိုး

ပွဲချိန် ၃၂ မိနစ်တွင် ဂျီဘရေးဆစ်က လီဗာပူးအသင်းအတွက် ချေပဂိုးတစ်ဂိုး သွင်းယူနိုင်ပြီး ပွဲချိန် ၅၄မိနစ်တွင် လီဗာပူးအသင်းခေါင်းဆောင် စတီဗင်ဂျရတ်က ဒုတိယချေပဂိုးသွင်း၍ သရေဖြစ်နေသည်။ ပီတာခရပ်ချ်က ခပ်နိမ့်နိမ့် ကန်ပို့ပေးလိုက်သည့် ဘောလုံးကို ဂျရတ်က ဘောလုံးမြေမကျမီ ကန်ကာ ဂိုးသွင်းခဲ့ခြင်းဖြစ်သည်။

ပွဲချိန် ၆၃မိနစ်တွင် ဝက်စ်ဟမ်းအသင်းမှ ပေါလ်ကွန်ချက်စကီးက လီဗာပူးအသင်း၏ စပိန်လူမျိုးဂိုးသမား ရေနာ၏ ဦးခေါင်းပေါ်မှ ကျော်ကာ ထောင့်ဖြတ်ကန်သွင်းရာ ဂိုးဝင်သွားခဲ့သည်။

ပွဲချိန်မိနစ် ၉၀စေ့ပြီး ထပ်ဆောင်းပေးချိန်၌ လီဗာပူး အသင်းခေါင်းဆောင် ဂျရတ်ကပင် ချေပဂိုး သွင်းယူ၍ တစ်ဖက်သုံးဂိုးစီဖြင့် သာမန်ပွဲကစားချိန်ပြီးဆုံးခဲ့သည်။

### ပယ်နယ်တီအဆုံးအဖြတ်

လီဗာပူးနှင့် ဝက်စ်ဟမ်းအသင်းတို့ အချိန်ပိုဆက်လက်ကစားသော်လည်း ဂိုးသွင်းနိုင် ခြင်းမရှိသဖြင့် ပယ်နယ်တီ အဆုံးအဖြတ်ကန်ရာ လီဗာပူးက ပယ်နယ်တီ သုံးဂိုးဝင်ပြီး ဝက်စ်ဟမ်းက တစ်ဂိုးသာဝင်၍ လီဗာပူးအသင်း ခြောက်ဂိုး–လေးဂိုးဖြင့် အနိုင်ရရှိပြီး အက်ဖ်အေဖလားကို ဆွတ်ခူးရရှိသွားသည်။

**အင်တာနက်။**

**ဝက်စ်ဟမ်းအသင်း ဒုတိယမြောက်ဂိုးရရှိပြီးနောက် ဂိုးသွင်းသူ အက်ရှ်တန်အား ဂုဏ်ပြုကြစဉ်။**

(ဓာတ်ပုံ–အင်တာနက်)

# ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဝင်အသင်းများ၏ ပုံရိပ်လွှာ

## ဂျာမနီတွင် ကစားနေသူအများစုဖြင့် ဖွဲ့စည်းထားသည့် အီရန်



ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အကြို

အာရှတိုက်မှ အီရန်ဘောလုံးအသင်းသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးအဆင့်သို့ ဝင်ခွင့်ရခြင်းသည် တတိယအကြိမ်မြောက် ရှိပြီဖြစ်သည်။ ၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အီရန်သည် မက္ကဆီကို၊ ပေါ်တူဂီ၊ အင်္ဂလာအသင်းတို့နှင့် တစ်အုပ်စုတည်းကျသည်။ ပထမဆုံးအကြိမ်အဖြစ် အုပ်စုမှ ကျော်တက်သွားလိမ့်မည်ဟု အီရန်ပြည်သူများ မျှော်လင့်အားထားနေကြသည်။

ဖီဖာ၏ ဘောလုံးအဆင့် သတ်မှတ်ချက်တွင် မက္ကဆီကိုသည် အဆင့်(၁၀) ရှိသည်။ ပေါ်တူဂီသည် ၂၀၀၄ ယူရိုပြိုင်ပွဲတွင် ဒုတိယရထားသော အသင်းဖြစ်သည်။ အီရန် ဘောလုံးပရိသတ်က မက္ကဆီကိုနှင့် ပေါ်တူဂီအသင်းများကို သရေကစားနိုင်ပြီး အင်္ဂလာကို နိုင်မည်ဟု မျှော်လင့်ထားကြသည်။



အီရန်အသင်းမှ ဝါရင့်တိုက်စစ်မှူး အလီဒါယီ။

အင်္ဂလာသည် ယခု ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ခန့်မှန်းရခက်သော အသင်းဖြစ်သည်။ ပထမအကြိမ်အဖြစ် ကမ္ဘာ့ဖလား နောက်ဆုံးအဆင့် ပြိုင်ပွဲသို့ တက်ရောက်ကစားခွင့်ရသော အင်္ဂလာသည် ကမ္ဘာ့ဘောလုံး ပရိသတ်၏ အာရုံများကို ဖမ်းစားမည့် အသင်းအဖြစ် မျှော်လင့်ရသည်။

အီရန်အသင်း နည်းပြဆရာ ဘရန်ကိုအီဗန်ကိုဗစ်။

မည်သို့ပင်ဖြစ်စေ မကြာသေးမီက အီရန်အသင်းကစားခဲ့သော ခြေစွမ်းခြေစကို ကြည့်ရခြင်းအားဖြင့် အီရန်ပရိသတ်၏ ယုံကြည်မျှော်လင့်ချက်က အနည်းငယ်မျှသာ မှန်လိမ့်မည်ဖြစ်သည်။ ၂၀၀၄ ခုနှစ် အာရှဖလားပြိုင်ပွဲတွင် အီရန်၏ ခြေစွမ်းမှာ ကောင်းတစ်ချက် မကောင်းတစ်ချက်ဖြစ်ခဲ့သည်။ ထို့အပြင် ကမ္ဘာ့ဖလားခြေစစ်ပွဲများတွင်လည်း အီရန်၏ ကစားပုံများသည်အားရကျေနပ်ဖွယ်မကောင်းသည်ကို တွေ့ရသည်။ ခြေစစ်ပွဲအောင်သော်လည်း ဝေဖန်ခြင်းခံရသည်။

### ကသိကအောက်

၎င်းဝေဖန်မှုများသည် နည်းပြဆရာ ဘရန်ကိုအီဗန်ကိုဗစ်အပေါ်ကျနေသည်။ ထို့အပြင် ချစ်ကြည်ရေး ခြေစမ်းပွဲများကလည်း အီဗန်ကိုဗစ်ကို အကြီးအကျယ် ကသိကအောက် ဖြစ်စေခဲ့သည်။ အင်္ဂလန် ဒုတိယတန်းမှ ကျူပီအာ(ရ်)အသင်းကိုယမန်နှစ် ဇူလိုင်လက ၃-၀ ဖြင့်ရှုံးသည်။ တစ်ခါ မက်ဆီဒိုးနားအသင်းကို အိမ်ကွင်း၌ ၂-၁ ဖြင့် ရှုံးသည်။

အီဗန်ကိုဗစ်သည် အီရန်အသင်းကို ၂၀၀၂ ခုနှစ်မှ စတင်ပြီး တာဝန်ယူခဲ့သည်။ ထိုစဉ်ကတည်းက အီရန်အသင်းသည် ၄-၂-၃-၁ အထိုင်ချ ကစားခဲ့သည်။ သို့သော် မကြာသေးမီအချိန်က ကစားခဲ့သောပွဲများတွင် ၄-၄-၂ ပုံစံပြောင်းပြီး ကစားသည်ကို တွေ့ရသည်။ ၎င်းကစားကွက်ပုံစံသည် တိုက်စစ်အတွက် ပိုမိုအားကောင်းစေသည်။

ဂျာမနီ ဘွန်ဒက်စလီဂါတွင် အခြေချကစားနေကြသော ဗာဟစ်ဟာရှီမီလန်၊ မဟာဒီမဟာ ဒီဗစ်စ်ကီရာ၊ ဖေရာဒွန်ဇန်ဒီ၊ အလီခါရမီနှင့်အတူ ဝါရင့်တိုက်စစ်မှူး အလီဒါယီတို့သည် အီရန်၏ ကွင်းလယ်နှင့် တိုက်စစ်တွင် ဦးဆောင်ကစားကြလိမ့်မည်။ ကိုင်ဇာစလောက်တန် အသင်းတွင် ကစားနေသော ဇန်ဒီနေရာတွင် အားနည်းနေသည်။ ဇန်ဒီနေရာသို့ လူငယ်သွေးသစ်များဖြစ်သော ဂျာဘာရီနှင့် မိုဟန်ရမ် နာဇစ်ကီရာနှင့် အစားထိုးရန် ရည်ရွယ်ထားဟန်တူသည်။ ကွင်းလယ်မှနေပြီး အဓိကလှုပ်ရှားကစားမည့် ဂျာဗက်ဒ်နီခေါင်နန်းမ်နေရာတွင် ယခုအချိန်အထိ မည်သည့်ပြဿနာမှ မရှိသေး။ နီခေါင် နန်းမ်နှင့်ပင် လူစာရင်း စတင်ထွက်ဖွယ်ရှိသည်။

ရှေ့တန်းနှင့် အလယ်တန်းမှာ စိတ်ချရသော်လည်း နောက်တန်းတွင် အားနည်းလျက်ရှိသည်။ အထူးသဖြင့် ဘယ်အစွန်၌ ဖြစ်သည်။ ၎င်းနေရာသည် အသင်းအတွက် အကြီးအကျယ် ဖိအားအပေးခံရမည့်နေရာ အစိတ်အပိုင်းဖြစ်သည်။ ဆက်တာဇာရီ၊ မိုဟာမက်နော်စရက်တီ၊ အလီရီဇာ စသည့် ကစားသမားများကို လျာထားသည်။ မည်သည့် ကစားသမားနှင့် အသင့်တော်ဆုံးဆိုသည်ကို ယခုအထိ မဆုံးဖြတ်ရသေး။

အားလုံးခြုံ၍ သုံးသပ်ရမည်ဆိုလျှင် အီရန်သည် အကောင်းဘက်သို့ အလေးသာနေသည်။ ပင်ကိုစွမ်းရည်ရှိသော ခါရာမီ၊ အပေါ်ဘောများကို ရှင်းထုတ်ရာတွင် ကောင်းသော ဟာရှီဗီလန်၊ ဖြတ်တင်ဘောပေးပို့ရာတွင် ကောင်းသော မဟာဒီဗစ်စ်ကီရာ၊ အလိမ်အခေါက်ကောင်းသော နီခေါင်နန်းမ်၊ အတွေ့အကြုံ ကြွယ်ဝသော အလီဒါယီတို့က အသင်းကို ဦးဆောင်ကစားသွားကြလိမ့်မည်။ ။

ဂမ်ဆိုင်း



၂၀၀၄ ခုနှစ် အာရှဖလား ဘောလုံးပြိုင်ပွဲ၌ အီရန်အသင်းက ဘာရိန်းအသင်းကို ၄ ဂိုး-၂ ဂိုးဖြင့် အနိုင်ရရှိသည့်ပွဲတွင် အီရန်အသင်းမှ ကွင်းလယ် ကစားသမား ဂျာဗက်ဒ်နီခေါင်နန်းမ် (နံပါတ်-၄)၏ ကစားဟန်။



ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာ့အေးစေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူရာတွင် နှစ်ဖက်သော အဘိုးအဘွားများနှင့် မိဘနှစ်ပါးအား အမှူးထား၍ ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ဗိုလ်တထောင်ဘုရားလမ်းနေ သမီးလေး မစုဝင့်နိုင်က ပစ္စည်းတန်ဖိုး ငွေတန်ဖိုး စုစုပေါင်း ကျပ် ၁၁ သိန်းလှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးတင်ဦး၊ ဦးလှမင်းတို့ လက်ခံရယူစဉ်။ (ကြေးမုံ)

မိခင်ဒေါ်လှအား အမှူးထား၍ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် (၁၃)လမ်းနေ ဦးကျော်မင်း-ဒေါ်မြမြမိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ-နိ (ရန်ကုန်ဌာန) ဒုတိယဥက္ကဋ္ဌ ဆရာကြီး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

တောင်ဥက္ကလာပမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ် (၂၃)ဖွင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲကို မေ ၁၁ ရက်က အသင်းခန်းမတွင်ကျင်းပရာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်ထံ အသင်းရန်ပုံငွေများ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

တောင်ဥက္ကလာပမြို့နယ် (၁၃)ရပ်ကွက်၊ ဝရဇာလမ်း၊ ၂လမ်းသွယ်နေ ဦးစိန်လင်း-ဒေါ်ဌေးဌေးဝင်းမိသားစုက ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂) ရပ်ကွက်၊ သဃ်န်းကျွန်း နာရေးကူညီမှုအသင်းသို့ အလှူငွေကျပ် ၁၅၀၀၀၀ ကို ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

## ပဲခူးတိုင်း ပဲနွယ်ကုန်းမြို့ ရန်ကုန်-မန္တလေးကားလမ်းပေါ်တွင် လွယ်အိတ်လွယ်၍ စက်ဘီးစီးလာသူ ပေါက်ကွဲမှုဖြစ်၍ သေဆုံး

နေပြည်တော် မေ ၁၃

ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းမြို့ ခင်ကြီးကျေးရွာ တောင်ဘက် သုံးဖာလုံခန့်အကွာ ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၁၁၉/၅)အနီး၌ မေ ၁၂ရက် မွန်းလွဲ ၁၂ နာရီ ၃၅မိနစ်ခန့်တွင် ပဲနွယ်ကုန်းမှ ကျောက်တံခါးဘက်သို့ စက်ဘီးစီးလာသူတစ်ဦး ပေါက်ကွဲမှုဖြစ်၍ အဆိုပါစက်ဘီးစီးလာသူ သေဆုံးသွားသည့်ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။ ယင်းဖြစ်စဉ်မှာ တောကျွဲအင်းကျေးရွာ ပြည်တော်သာရပ်ကွက်မှ ပလတ်စတစ်၊ ကော်ခွက်ကောက်၍ ရောင်းချ အသက်မွေးဝမ်းကျောင်းပြုသူ ငဇော် (ခေါ်)ငဖား အသက် (၂၂)နှစ် (ဘ) ဦးမြင့်ရွှေသည် လွယ်အိတ်အစိမ်းတစ်လုံးကို စလွယ်သိုင်း၍ စက်ဘီးစီးလာစဉ်ပေါက်ကွဲမှုဖြစ်ပြီး ငဇော် (ခေါ်)ငဖားမှာ ခန္ဓာကိုယ်ခါးအထက်ကြေမွကာ သေဆုံးသွား၍ လွယ်အိတ်မှာ ကိုယ်ထည်ပိုင်းအစအနဖြစ်သွားပြီး လွယ်အိတ်ကြိုးသာ ကျန်ခဲ့ကြောင်းသိရသည်။ အဆိုပါ ဖြစ်စဉ်နှင့် စပ်လျဉ်း၍ သတင်းဆက်ရရှိရေးအတွက် တာဝန်ရှိသူများက စုံစမ်းဖော်ထုတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)

မီးသုံးစွဲလျှင် အသိယှဉ် ဆင်ခြင်သတိ အမြဲရှိ

ဆီးချိုသွေးချိုရောဂါ ရှိသူများ စားသောက်သင့်သည့် အစားအစာများအနက် အသီးအနှံများသည် အဓိကဖြစ်ရာ ပုံတွင် ဂျီအိုင်တန်ဖိုး အမျိုးမျိုးရှိသည့် သစ်သီးဝလံများကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

# တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် နွေစပါး စိုက်ခင်းများကြည့်ရှု ရေအားလျှပ်စစ် ဖွင့်ပွဲ တက်ရောက်

နေပြည်တော် မေ ၁၃

**ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် မေ ၉ ရက် နံနက်ပိုင်းတွင် သိန်းနီမြို့အဝင် တံတားအနီး မြို့မကွင်းရှိ ဆင်းရွှေလီ နွေစပါး တစ်ဆက်တစ်စပ်တည်း စံပြ ဧက ၄၄၀၀ စိုက်ခင်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ သိန်းနီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးရဲကျော်ခိုင်က သိန်းနီမြို့နယ်အတွင်း စပ်မျိုးနွေစပါး စိုက်ပျိုးဖြစ်ထွန်းအောင်မြင်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။**

ဆက်လက်၍ တွဲဖက်ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းကလာမည့် နွေစပါးစိုက်ပျိုးရာသီတွင် ဧက ၅၅၀၀ အထိ တိုးချဲ့စိုက်ပျိုး ဆောင်ရွက်မည့်အစီအစဉ်များနှင့် စိုက်ပျိုးရေရရှိရေးဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားညွှန်ကြားဆောင်ရွက်ပေးသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့** *

# ရောဝတီတိုင်းဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် ဖျာပုံခရိုင်အတွင်း လေဘေးသင့် အိမ်ထောင်စုများ အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲတက်ရောက်

နေပြည်တော် မေ ၁၃

**ဧရာဝတီတိုင်း ဖျာပုံခရိုင်အတွင်း လေဘေးသင့် အိမ်ထောင်စုများအား အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲကို မေ ၈ ရက် နံနက် ၁၁ နာရီက ကျိုက်လတ်မြို့ ရွှေဝါလတ်ခန်းမဒ္ဓကျောင်းပရာ အခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

အစီအစဉ်အရ တိုင်းမှူးက အမှာစကားပြောကြားပြီး ဧရာဝတီတိုင်းသဘာဝဘေး အန္တရာယ်ကာကွယ်ရေး စီမံခန့်ခွဲမှု ကော်မတီမှ လှူဒါန်းသည့် ငွေကျပ် ၃၈ သိန်း၊ ဆန်အိတ် ၇၆ အိတ်နှင့် တိုင်းစစ်ဌာနချုပ်မှ လှူဒါန်းသည့် အဝတ်အထည်မျိုးစုံတို့ကို ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲထွဋ်ထံသို့ ပေးအပ်သည်။

## လက်ခံရယူ

ထို့နောက် တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသန်းထွန်းက မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ပေးအပ်လှူဒါန်းသည့် ပစ္စည်း ၁၃မျိုးပါ ထောက်ပံ့ရေးပစ္စည်းများကိုလည်းကောင်း၊ တိုင်းကျန်းမာရေးဦးစီးဌာနဦးစီးမှူးက တိုင်းကျန်းမာရေးဦးစီးဌာနမှ လှူဒါန်းသည့် ဆေးဝါးပစ္စည်းများကိုလည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## ဖူးမြော်ကြည်ညို

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဖျာပုံ–ကျိုက်လတ်–မအူပင်လမ်းအား စက်ယန္တရားကြီးများဖြင့် လမ်းသားတိုးချဲ့ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မအူပင်မြို့ ရွှေဘုန်းမြင့်စေတီတော်အား ဝင်ရောက်ဖူးမြော်ကြည်ညိုသည်။

(သတင်းစဉ်)

**ကြေးမုံ The Mirror အင်တာနက်သတင်း**

# ဆီးချိုသွေးချိုသမားတို့ အစားအသောက် ဆင်ခြင် အစားအစာ၏ ဂျီအိုင်တန်ဖိုးကိုတွက်၍ စားသောက်သင့်

လန်ဒန် မေ ၁၃

**ဆီးချိုသွေးချို ရောဂါရှိသူများအနေဖြင့် အစားအသောက်စားရာတွင် ဆင်ခြင်ကြရသည်။ မဆင်မခြင် စားသောက်လျှင် သွေးချိုတက်လာပြီး လူကို ဒုက္ခပေးနိုင်သည်။ ထို့ကြောင့် အဆိုပါရောဂါသည်များအနေဖြင့် ဒုက္ခမဖြစ်စေရန် ဂလိုင်ဆီးမစ်ညွှန်းကိန်းခေါ် (ဂျီအိုင်)အတိုင်းအတာကို တွက်ချက်သုံးစွဲကာ စားသောက်ခြင်းဖြင့် ဆီးချိုသွေးချိုရောဂါ ဘေးအန္တရာယ်မှ ရှောင်ရှားနိုင်ကြောင်း သိရသည်။**

ဂလိုင်ဆီးမစ်ညွှန်းကိန်း (ဂျီအိုင်တန်ဖိုး) ၅၅ အောက်တွင်သာရှိသော အစားအစာများကို ဆီးချိုသွေးချိုသမားများ စားသုံးနိုင်ကြသည်။ ဂျီအိုင်တန်ဖိုး ၅၆ မှ ၆၉ အတွင်း

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ❁

# ရွှေကျည်ဆန်၏ ဘယ်ခြေကန်ချက်ဖြင့် အောင်မြင့်စိန်ရှုံး အသဲစွဲ၏ ခေါင်းဆတ်ရိုက်ချက် သားရွှေသွေး ကွဲရ

**သတင်း – ဇင်လင်းထွန်း(ခနွဲမြို့)၊ ဓာတ်ပုံ – စိုးညွန့်(ကြေးမုံ)**

**ဖလိုင်းဝိတ်တန်း ၅၁ ကီလိုတန်းတွင် ထစ်ချုန်း (KLN)၏ ညာထောက်လက်သီးက ဇာနည်မင်း(မြွေဟောက်မင်း)၏ မျက်နှာကို မိမိရရ ထိသွားစဉ်။**

ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

ရန်ကုန် မေ ၁၃

**မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ကိုယ်အလေးချိန်တန်းအလိုက် ရွှေခါးပတ်ချန်ပီယံ ရိုးရာလက်ဝှေ့ပြိုင်ပွဲ အကြိုဗိုလ်လုပွဲများကို မေ ၁၃ ရက် မွန်းလွဲ ၂ နာရီမှ စတင်ကာ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏဒ္ဓကျောင်းပရာ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်၊ ရိုးရာအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်း၊ ဦးမြင့်စိုးနှင့် ရိုးရာလက်ဝှေ့ဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။**

ယနေ့ပြိုင်ပွဲတွင် ဝိတ်တန်း လေးတန်းအတွက် ပွဲစဉ်ပေါင်းရှစ်ပွဲ ကျင်းပသည်။ ပွဲစဉ်(၁၇) ၄၈ ကီလို လိုက်ဖလိုင်းဝိတ်တန်းတွင် နေစိုးအောင်(တောင်ကလေး) နှင့် နိုင်ဝင်း(ဘီလပ်မြေစက်ရုံ)တို့ ယှဉ်ပြိုင်ကြရာ အရပ်အမောင်းနှင့် ခြေတံလက်တံသာသော နေစိုးအောင်၏ ထောက်ဖြောင့်လက်သီးများကြောင့် ပထမအချီတွင် နိုင်ဝင်း အထိနာသော်လည်း ဒုတိယအချီမှ စကာ

**စာမျက်နှာ ၉ ကော်လံ ၅ သို့** ●



**လိုက်ဖလိုင်းဝိတ်တန်း ၄၈ ကီလိုတန်းတွင် နေစိုးအောင် (တောင်ကလေး)က နိုင်ဝင်း (ဘီလပ်မြေစက်ရုံ)ကို ဒူးဖြင့် တိုက်၊ တံတောင်ဖြင့် တိုက်ခိုက်စဉ်။**

ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)